# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 2 September 2020 ၁၀၁၂၃


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေးစသည့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအလွန်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်သွားနိုင်ရေး၊ မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးကူညီပံ့ပိုးပေးရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အပြုသဘောဆောင် အကူအညီပေးသွားရေး၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ခရီးစဉ်တွင် ရရှိခဲ့သည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

# တရုတ်နိုင်ငံက ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ယွမ်သန်း ၂၀၀ ပေးအပ်မည်

ကြေးမုံ ယနေ့ ဖတ်စရာ

မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်ရန် ပုံစံ(၃-က)ဖြင့် လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာ စာမျက်နှာ » ၆

ရခိုင်ပြည်နယ်ရှိ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကြသူများအတွက် စေတနာ့ဝန်ထမ်း သင်တန်းပို့ချ စာမျက်နှာ » ၈


**ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ**

**ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ထိန်းသိမ်းရေး) ဦးဝဏ္ဏဇော်ကို ယင်းဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချိဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၇၉၀ | ၇,၈၂၁,၀၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၅၀ | ၄,၆၅၆ | ၁၆,၈၇၅,၂၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၂,၀၀၀ | ၅၆ | ၁,၂၀၅,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၄၄၀ | ၁,၂၀၈,၀၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၁၅၀ | ၄၆၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁

ရန်ကုန်(ရွှေဈေး) ၁၃၁၀၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၀၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၅/၆၀၀ ကျပ် | ၆၀၀/၆၁၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၅၅/၅၉၀ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၃၅/၆၅၀ ကျပ် | ၆၉၀/၇၁၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၀၅/၅၄၀ ကျပ် | ၅၆၅/၅၇၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၈၃/၄၉၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၃/၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၂/၄၆၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၃.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၃.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၃.၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၅၆၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉.၄၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၂၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၇.၂၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၄.၇၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၁.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၇၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် ဝါခေါင်လတွင် ဘာသာရေးယဉ်ကျေးမှုအစဉ်အလာ စာရေးတံပွဲကို ကြည်ညိုသဒ္ဓါပွားဖွယ် ပြုလုပ်ကြသည်။ ကာလရွေ့လျောလာသည်နှင့်အမျှ စာရေးတံပွဲကို သိနားလည်သူနည်းပါးလာ၍ ထိုဘာသာရေးအစဉ်အလာကို မမေ့ပျောက်အောင် ထိန်းသိမ်းထားသင့်သည်။ ဝါခေါင်လပြည့်နေ့တွင် ရဟန်းသံဃာတို့ကိုရည်မှန်း၍ စာရေးတံပွဲအပါအဝင် ကုသိုလ်အပေါင်းစုတို့ကို နိုင်ငံတစ်ဝန်း ပြုလုပ်ကြသည်။

စာရေးတံမဲဟူသည်ကား မဟာဒုက်ပွဲပင် ဖြစ်သည်။ ပွင့်လင်းရာသီချိန်တွင် အလှူရှင်များက ရဟန်းတော်တို့အား သံဃာ့ဂုဏ်ကိုရည်မှန်းကာ အားရဝမ်းသာပင့်ဆောင် ဆက်ကပ်လှူဒါန်းကြသည်။ ရဟန်းသံဃာဘက်မှ ဆင်းရဲချမ်းသာမရွေး လာဘ်လာဘကို မငဲ့ကွက်ဘဲ မဲကျရာနေအိမ်သို့ ကြွရောက်၍ ဆွမ်းအလှူခံခြင်း ဖြစ်သည်။ ဆွမ်းအလှူခံသည့် မြတ်စွာဘုရား၏ အစဉ်အလာကောင်းကိုယူ၍ မဟာဒုက်ပွဲကျင်းပခြင်းဖြစ်၍ ထိုအစဉ်အလာကောင်းကို အချိန်အခါသင့်သောကာလ၌ ပြုလုပ်သင့်ပါသည်။

မျက်မှောက်ကာလတွင် အလှူအတန်းပွဲလမ်းများကို ကိုဗစ်-၁၉ ကြောင့် ကန့်သတ်ထားသဖြင့် ဝါခေါင်လစာရေးတံပွဲကို ခေတ္တထား၍ ဤဝါခေါင်လပြည့်မေတ္တာအခါတော်တွင် မေတ္တာတရားများ မိမိတို့နေအိမ်များအလိုက် ပွားများအားထုတ်သင့်သည်။ ယခင်ကလည်း မေတ္တာအခါတော်အဖွဲ့များသည် ဝါခေါင်လပြည့်နေ့အပါအဝင် နေ့စဉ်လစဉ်မပျက် မေတ္တာသုတ်တော်လာ နည်းအသွယ်သွယ်ဖြင့် ပို့လွှတ်ကြပြီး ဇူလိုင်လမှ နှစ်ကုန်သည်အထိ ပဋ္ဌာန်သမ္ဘိဒါမဂ်နည်းပေါင်း ၅၂၈ သွယ်ဖြင့် ဝေနေယျသတ္တဝါတို့အပေါ် မေတ္တာဓာတ်များ ဖြန့်ဝေကြသည်။ မေတ္တာအခါတော်နေ့ကို တစ်ပြည်လုံးအတိုင်းအတာဖြင့် ပြုလုပ်ခြင်းမဟုတ်သော်လည်း ယခုကဲ့သို့ ဘေးဘယာများ တွေ့ကြုံနေသောအခါကာလတွင် မိသားစုအလိုက် တတ်နိုင်သမျှ ပြုလုပ်ခြင်းဖြင့် ရောဂါဘေးဘယာ ကင်းဝေးစေမည်ဖြစ်သည်။

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့သည် မြတ်ဗုဒ္ဓ၏ မေတ္တာသုတ်တော် ဟောကြားခြင်းနှင့် ဆက်စပ်ပေသည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်း ငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူ၍ တောအုပ်အတွင်း ပုရိမဝါဆို တရားအားထုတ်ကြသည်။ ထိုအခါ ရဟန်းတို့၏သီလကြောင့် သစ်ပင်ဗိမာန်မှ နတ်တို့ဆင်းပေးရလေရာ ရဟန်းတော်များ မနေနိုင်အောင် ခြောက်လှန့်ခြင်းကို ပြုလုပ်ကြသည်။ ထိုအခါ ရဟန်းတို့တရားရှုမှတ်၍ မရသဖြင့် ဝါခေါင်လပြည့်နေ့တွင် ကြုံတွေ့ရသော အခက်အခဲကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက မေတ္တာကမ္မဋ္ဌာန်းကို မပွားများကြသည့်အတွက် နှင်ထုတ်ခံရခြင်းဖြစ်ကြောင်း ဟောပြောပြီး မေတ္တာကမ္မဋ္ဌာန်းကို သင်ပြလေသည်။

ထို့နောက် ရဟန်း ငါးရာ မူလတောအုပ်သို့ ပြန်လာကြပြီး ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့မှစ၍ ဒုတိယဝါကပ်ကြပြီး မြတ်စွာဘုရားသင်ပြသည့်အတိုင်း နတ်တို့နှင့်တကွ အားလုံးသော သတ္တဝါဝေနေယျတို့အပေါ် မေတ္တာဖြန့်ကြက်ပို့လွှတ်သောအခါ နတ်များက ကြည်ညိုချစ်ခင်လာကြသည်။ နတ်အပေါင်းတို့ စောင့်ရှောက်မှုဖြင့် ဝါတွင်းကာလ၌ တရားအားထုတ်ကြရာ ရဟန်း ငါးရာစလုံး ရဟန္တာဖြစ်လာကြသည်။ ရဟန်းငါးရာတို့ ဝါခေါင်လပြည့်နေ့တွင် မြတ်စွာဘုရားရှင် မေတ္တာသုတ်ဟောကြားတော်မူသည်ကို ရည်မှန်း၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် ပြုလုပ်ကြသည်။

မျက်မှောက်ကာလတွင် ဝေနေယျသတ္တဝါအပေါင်းတို့မှာ ကိုဗစ်-၁၉ ရောဂါဘေးနှင့်ကြုံတွေ့နေရသဖြင့် စိုးရိမ်ကြောင့်ကြမှုများဖြင့် အလုပ်ပျက် အကိုင်ပျက်ဖြစ်ကြရသည်။ ဝေနေယျသတ္တဝါအားလုံး အနှောင့်အယှက်ကင်းဝေး ဘေးအန္တရာယ်ကင်းစင်စေရေးအတွက် တစ်ဦးချင်းတစ်ယောက်ချင်းမှ အစ ကမ္ဘာသူကမ္ဘာသားအားလုံးအပေါ် မေတ္တာလွှမ်းခြုံပေးဖို့ လိုအပ်နေသောအချိန်အခါ ဖြစ်သည်။ မေတ္တာဓာတ်သည် အေးမြခြင်းကိုဖြစ်စေသဖြင့် ကြုံတွေ့နေရသော ပူလောင်မှုဘေးဒုက္ခများမှ ကင်းဝေးစေနိုင်သည်။ မေတ္တာခြုံလျှင်လုံ၊ မေတ္တာလွှမ်းလျှင် အေးချမ်းသည်ဖြစ်၍ မေတ္တာတရားကို နိုင်နိုင်ကြီးပွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဝါခေါင်လပြည့် ထူးမြတ်သော မေတ္တာအခါတော်နေ့ ကျရောက်သည့် ယနေ့အချိန်အခါသမယမှစတင်၍ ပြည်သူပြည်သား ဝေနေယျသတ္တဝါအများ ငြိမ်းအေးချမ်းသာစေရေးအတွက် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော မေတ္တာသုတ်တရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ပွားများနာယူခြင်းဖြင့် ကောင်းကျိုးများကို အားလုံးဆောင်ကြဉ်းနိုင်ကြပါစေကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့ |
| အကြီးတန်း | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လင်ဒါမူလက် နာလင်း ကူမား ဒီ ဆေးဗားသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လင်ဒါမူလက် နာလင်း ကူမား ဒီ ဆေးဗားက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

သဘောတူညီချက်များကို အရှိန်အဟုန်မပျက် အကောင်အထည်ဖော်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရန်အတွက် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် ၂၀၂၀ ကို စနစ်တကျ နှစ်ဖက်ညှိနှိုင်းစီစဉ်ဆောင်ရွက်သွားရေး၊ ပြည်သူများအကြား ပုံမှန်ကူးလူးဆက်ဆံမှု အမြန်ဆုံး အကောင်အထည်ဖော် သွားနိုင်ရေးနှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပသွားနိုင်ရေး၊ မြန်မာနိုင်ငံ၌ နိုဝင်ဘာလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပသွားနိုင်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်**

ထို့ပြင် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

★ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအလွန်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်သွားနိုင်ရေး၊ မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ကူညီပံ့ပိုးပေးရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အပြုသဘောဆောင် အကူအညီပေးသွားရေး၊

★ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရန်အတွက် ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးနှစ် ၂၀၂၀ ကို စနစ်တကျ နှစ်ဖက်ညှိနှိုင်းစီစဉ်ဆောင်ရွက်သွားရေး၊ ပြည်သူများအကြား ပုံမှန်ကူးလူးဆက်ဆံမှု အမြန်ဆုံး အကောင်အထည်ဖော်သွားနိုင်ရေးနှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပသွားနိုင်ရေးကိစ္စများဆွေးနွေး

## တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေး စတင်ဖြန့်ဝေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ ထောက်ပံ့သွားရေး၊ တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်ဖက်သဘောတူညီမှုရရှိခဲ့သည့် အကျိုးတူစီမံကိန်းများ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံက အပြုသဘော ဆက်လက်ကူညီပံ့ပိုးသွားရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် လောင်းကစားအပါအဝင် တရားမဝင်ကိစ္စရပ်များကို ပူးတွဲတိုက်ဖျက်သွားရေး ဆွေးနွေး



မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။

❂ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီတို့ တက်ရောက်ဆွေးနွေးကြသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များအကြား ထိတွေ့ဆက်ဆံမှုများ ဆက်လက်မြှင့်တင်သွားရေး၊ တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေး စတင်ဖြန့်ဝေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ ထောက်ပံ့သွားရေး၊ တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း နှစ်ဖက်သဘောတူညီမှုရရှိခဲ့သည့် အကျိုးတူစီမံကိန်းများ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံက အပြုသဘော ဆက်လက်ကူညီပံ့ပိုးသွားရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် လောင်းကစား အပါအဝင် တရားမဝင်ကိစ္စရပ်များကို ပူးတွဲတိုက်ဖျက်သွားရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံမှ ကြွေးမြီပေးဆပ်မည့်ကာလကို တရုတ်နိုင်ငံက ရွှေ့ဆိုင်းပေးခြင်းဖြင့် အကူအညီပေးအပ်သွားမည့်ကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများနှင့် မြန်မာ-တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် ၂၀၂၀ အကောင်အထည်ဖော်ရေးအတွက် နှစ်ဖက်ညှိနှိုင်းစီစဉ်သွားရေး၊ လူငယ်များအပါအဝင် ပြည်သူအချင်းချင်း အပြန်အလှန်ကူးလူး ဆက်ဆံမှုများ မြှင့်တင်ရန်အတွက် ယဉ်ကျေးမှုဖလှယ်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား အေးအတူပူအမျှအသိုက်အဝန်း ထူထောင်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ချမှတ်ရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**အားပေးထောက်ခံ**

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေး ဖြေရှင်းရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်အားပေးထောက်ခံကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဆက်လက်ကူညီ ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ဆက်လက်ရပ်တည်ထောက်ခံသွားမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေအဖြစ် မြန်မာအစိုးရသို့ ယွမ်သန်း ၂၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံကလည်း နိုင်ငံတကာမျက်နှာစာ၌ တရုတ်နိုင်ငံ၏ အားပေးထောက်ခံမှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒနှင့် တစ်နိုင်ငံ စနစ်နှစ်မျိုးမူဝါဒတို့ကို ဆက်လက် ရပ်တည်ထောက်ခံသွားမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုခဲ့သည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ်အတွင်း ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ် လက်မှတ်ရေးထိုးရေးကိစ္စ၊ ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-တရုတ် အလှည့်ကျညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူစဉ်အတွင်း တရုတ်-အာဆီယံဆက်ဆံရေး ပိုမိုတိုးမြှင့်သွားရေးနှင့် ဒေသတွင်းကိစ္စရပ်များကို ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာသွားရေး၊ ၂၀၂၀-၂၀၂၂ ခုနှစ်အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အလှည့်ကျပူးတွဲဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံမှ တာဝန်ယူစဉ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အောက်မှ မြန်မာနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန် မြှင့်တင်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စတို့နှင့် စပ်လျဉ်း၍လည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နှစ်နိုင်ငံဆွေးနွေးပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပညာရေးစီမံခန့်ခွဲမှု အသိအမှတ်ပြုလက်မှတ်ရသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

ပညာရေးစီမံခန့်ခွဲမှုအသိအမှတ်ပြု လက်မှတ်ရသင်တန်း (Certificate in Education Management–CEM Training) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အင်္ဂလိပ်စာ၊ အိုင်စီတီ၊ သုတေသန စွမ်းဆောင်ရည်နှင့် ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်များအရ ယခုလို CEM သင်တန်းသင်ယူခွင့်ရရှိကြသူများအားလုံးအား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် (Capacity Development Fund – CDF)၊ University College London–Institute of Education (UCL–IOE) ဒေါက်တာခင်မာနီနှင့် သင်တန်းဆရာများ၊ ပံ့ပိုးပေးကြသည့် သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများအားလုံးကို အထူး ကျေးဇူးမှတ်တမ်းတင်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်ဦးချင်းစီ စွမ်းဆောင်ရည်ရှိစွာဖြင့် တာဝန်ယူ၊ တာဝန်ခံပြီး ဆန်းသစ်ထိရောက် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းပံ့ပိုးပေးလိုပါကြောင်း၊ ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုနှင့် ထိရောက်သည့် ခေါင်းဆောင်မှုများရရှိစေရန် ပညာရေးဝန်ကြီးဌာနနှင့် ဒိန်းမတ်နိုင်ငံတို့ ပူးပေါင်းပြီး စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများကို



ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးစီမံခန့်ခွဲမှုဒီပလိုမာဘွဲ့လွန်သင်တန်း (Diploma in Education Management–DEM) ကို ၂၀၁၉ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပညာရေးဝန်ကြီးဌာန(နေပြည်တော်)တွင် ဖွင့်လှစ်ခဲ့ပါကြောင်း။

DEM သင်တန်းသည် ရန်ကုန်ပညာရေးတက္ကသိုလ်က ဘွဲ့ပေးအပ်မည့် နိုင်ငံတကာအဆင့်မီ ဘွဲ့လွန်ဒီပလိုမာဘွဲ့ဖြစ်ပြီး သင်တန်းကာလ တစ်နှစ်တွင် Total credit က 21 credit ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန ပညာရေးတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်မှ ပညာရှင်များက ၎င်းတို့၏အတွေ့အကြုံများကို သီအိုရီနှင့် လက်တွေ့ပေါင်းစပ်ပြီး ဆွေးနွေးပို့ချခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ရ DEM သင်တန်းဆင်းများမှတစ်ဆင့် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် အောင်မြင်သည့် ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်စေပြီး စွမ်းရည်မြင့်မားသည့် ခေါင်းဆောင်မှုများ ရရှိသွားစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်မည့် CEM သင်တန်းသည် DEM သင်တန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး CEM တွင် ပို့ချမည့်အကြောင်းအရာများသည် ပညာရေး၏အခြေခံများကို ဦးဆောင်မှုပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ မူဝါဒ၊ သုတေသနနှင့် စီမံကိန်းရေးဆွဲခြင်း၊ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်တို့ဖြစ်ပါကြောင်း၊ မိမိလုပ်ငန်းအတွက် အကျိုးရှိသည့်သင်တန်းတစ်ခုဖြစ်သည့်အတွက် ပူးပေါင်းသင်ယူကြရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးသဘောတရားဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်မာနီက CEM Programme နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

CEM သင်တန်းကို ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးသဘောတရားဌာနက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင် Zoom ဖြင့် စတင်ဖွင့်လှစ်ခြင်းဖြစ်သည်။ CEM သင်တန်းအတွက် အဓိကရည်ရွယ်သည့်အုပ်စု(Target Group) အနေဖြင့် ပညာရေးဝန်ကြီးဌာနမှ သင်တန်းဌာနမှူးများ၊ တက္ကသိုလ်အသီးသီးကို ဦးဆောင်မည့် ဒုတိယပါမောက္ခချုပ်များ၊ အခြေခံပညာဦးစီးဌာနရှိ ကျောင်းအုပ်ကြီးများအတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ သင်တန်းကာလမှာ ရက် ၄၀ ဖြစ်ပြီး Total credit မှာ 11 credit ဖြစ်သည်။ သင်တန်းပြီးမြောက်ပါက ရန်ကုန်ပညာရေးတက္ကသိုလ်မှ အသိအမှတ်ပြုလက်မှတ် ပေးအပ်မည်ဖြစ်သည်။ CEM သင်တန်းပြီးမြောက်ပါက DEM သင်တန်းကို တက်ရောက်နိုင်မည်ဖြစ်သည်။ CEM သင်တန်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပညာရှင်များနှင့် ပြင်ပမှပညာရှင်များ ပူးပေါင်းကာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ပြည်ထောင်စုဝန်ကြီး
ဦးသောင်းထွန်း


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ


ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်


ပြည်ထောင်စုရှေ့နေချုပ်
ဦးထွန်းထွန်းဦး


Feasibility Study Team
Deputy Team Leader, Mr. Uehara

○ ကျောဖုံးမှ

နိုင်ငံတော်သမ္မတရုံးက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ်(၃၁/၂၀၂၀) ဖြင့် ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခင် ဖွဲ့စည်းခဲ့သည့် ဦးဆောင်ကော်မတီ၏လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့ပြီး ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းကို နိုင်ငံတော်စီမံကိန်းတစ်ရပ် အဖြစ်သတ်မှတ်ရန်၊ ညှိနှိုင်းမှုကော်မတီက HIA Myanmar Co., Ltd. နှင့် စာချုပ်ချုပ်ဆိုနိုင်ရေး ဆက်လက်ဆွေးနွေးရန်၊ ဂျပန်နိုင်ငံမှ Official Development Assistance(ODA) ချေးငွေ လျှောက်ထားနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်ရန်၊ စီမံကိန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ (Infrastructure)နှင့် အခြေခံလိုအပ်ချက် (Utilities)များ ပံ့ပိုးကူညီနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆုံးဖြတ်ခဲ့ပါကြောင်း။

**မဖြစ်မနေလိုအပ်**

မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းလာသည့် စီးပွားရေးကို အထောက်အကူဖြစ်စေရေးအတွက် အနာဂတ်တွင် နိုင်ငံတကာလေဆိပ်ကြီးတစ်ခု မဖြစ်မနေလိုအပ်ပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် မြေနေရာအနေအထားအရ လေယာဉ်ပြေးလမ်း အသစ်ထပ်မံတည်ဆောက်၍ မရနိုင်တော့ခြင်း၊ လေယာဉ်ရပ်နားနေရာ အလုံအလောက်တိုးချဲ့နိုင်မှုမရှိခြင်းနှင့် Operation ဆောင်ရွက်ရာတွင် ကန့်သတ်ချက်များရှိနေခြင်းတို့ကြောင့် အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

စီမံကိန်းကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်သောပုံစံ (Public- Private- Partnership-PPP)ဖြင့် တင်ဒါခေါ်ယူခဲ့ရာ Yongnam - CAPE-JGC Consortium က တင်ဒါအောင်မြင်ခဲ့ပြီး Framework Agreement လက်မှတ်ရေးထိုးကာ ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် Framework Agreement သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် ဆွေးနွေးမှုများကို နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် ရပ်ဆိုင်းခဲ့ရပါကြောင်း။

**ခရီးသည် ရှစ်သန်း**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံအစိုးရအနေဖြင့် ဟံသာဝတီလေဆိပ်စီမံကိန်းအတွက် (၁၀၀ ရာခိုင်နှုန်း) ODA ချေးငွေဖြင့် စီမံကိန်းတစ်ခုလုံး ခြုံငုံသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်မည့်အစီအမံကို ဆွေးနွေးလိုကြောင်း ကမ်းလှမ်းလာသည့်အတွက် စီမံကိန်းကို ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် အကောင်အထည်ဖော်နိုင်ရေး Japan International Corporation Agency(JICA)၊ MLIT တို့နှင့် ဆက်လက်ဆွေးနွေးခဲ့ပါကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဂျပန်-မြန်မာ နှစ်နိုင်ငံ ကိုယ်စားလှယ်များ ပါဝင်သည့် စီမံကိန်းအကောင်အထည်ဖော်ရေး ပြင်ဆင်မှုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါကော်မတီအနေဖြင့် ညှိနှိုင်းမှုအစည်းအဝေးများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအထိ ၁၁ ကြိမ် ကျင်းပခဲ့ပြီး ရန်ကုန်လေဆိပ်နှင့် ဟံသာဝတီလေဆိပ် လေဆိပ်နှစ်ခုလုံးကို ဂျပန်နိုင်ငံက လေဆိပ်ဆောင်ရွက်မည့်အဖွဲ့နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Operator အဖွဲ့တို့ ပူးပေါင်းဖွဲ့စည်းမည့် single entity ဖြင့် ဆောင်ရွက်နိုင်ရေး၊ လိုအပ်သော Infrastructure လုပ်ငန်းများကို မြန်မာနိုင်ငံဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်၏ Phase-1 ကို တစ်နှစ်ခရီးသည် ရှစ်သန်း ကိုင်တွယ်နိုင်မည့် လေဆိပ်အဖြစ် စတင်ဆောင်ရွက်နိုင်ရေးတို့ကို သဘောတူညီမှုရရှိခဲ့ပါကြောင်း၊ အဆိုပါ စီမံကိန်းလုပ်ငန်းများကို ODA ချေးငွေဖြင့် ဆောင်ရွက်နိုင်ရေးအတွက် JICA က Feasibility Study ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လေဆိပ်တည်ဆောက်ရေး ကုန်ကျစရိတ်ကို ဂျပန်နိုင်ငံမှ သက်သာသောအတိုးနှုန်းဖြင့် ODA ချေးငွေ အချိန်မီရရှိနိုင်ရေးအတွက် Feasibility Study Report သည် များစွာအရေးပါသည့်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လေဆိပ်တည်ဆောက်ရေးနှင့် တစ်ပြိုင်နက် မိမိတို့ မြန်မာနိုင်ငံဘက်က အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့် Infrastructure လုပ်ငန်းများလည်း ပါဝင်သည့်အတွက် အဆိုပါလုပ်ငန်းများကို လျာထားသတ်မှတ်အချိန်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးကြရန် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် ဦးဆောင်ကော်မတီဝင်များအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများအလိုက် အချိတ်အဆက်မိမိ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်းက နောက်ခံသမိုင်းနှင့် စီမံကိန်း စတင်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စီမံကိန်းတင်ဒါခေါ်ယူရွေးချယ်ခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ ဂျပန်နိုင်ငံ၏ ODAချေးငွေဖြင့်စီမံကိန်းအကောင်အထည်ဖော်မည့်အခြေအနေ၊ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာရေး အစီရင်ခံစာအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေ၊ ဌာနပိုင်မြေအမည်ပေါက်ရရှိရေးအတွက် မြေသိမ်းဆည်းရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားမှုအခြေအနေ၊ မြေယာလျော်ကြေးပေးချေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။


ထို့နောက် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း Feasibility Study Team Deputy Team Leader, Mr. Uehara က ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ချက် ဆောင်ရွက်မည့်အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**


ယင်းနောက် ဦးဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဦးဆောင်ကော်မတီအတွင်းရေးမှူး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က စီမံကိန်းနှင့် စပ်လျဉ်း၍ ဌာနအလိုက် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုးတက်များပြားလာသော လေကြောင်းခရီးစဉ်များနှင့် ခေတ်မီလေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခု တည်ဆောက်နိုင်ရေးအတွက် နေရာ ကိုးနေရာအား လျာထားခဲ့ပါကြောင်း၊ ယင်းနေရာများအနက် ယခုစီမံကိန်းတည်ဆောက်မည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်နေရာသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေကြောင်းပျံသန်းမှုများအား ထိခိုက်မှုမရှိဘဲ သီးသန့် Separation ပြုလုပ်နိုင်ခြင်း၊ နိုင်ငံတကာ လေယာဉ်ပျံသန်းလမ်းကြောင်းများ (International Air Route) များသို့ လွယ်ကူစွာ ဝင်/ထွက်နိုင်ခြင်း၊ Wind Speed and Wind Direction အရ လေယာဉ်ပြေးလမ်းအား တောင်နှင့်မြောက် ဖောက်လုပ်နိုင်ခြင်း၊ ပတ်ဝန်းကျင်အတားအဆီးများ (Obstruction) ကင်းရှင်းမှုရှိခြင်း၊ နိုင်ငံတကာလေဆိပ်အင်္ဂါရပ်နှင့်အညီ ပြည့်စုံစွာ တည်ဆောက်နိုင်သည့် မြေနေရာနှင့် ထပ်မံတိုးချဲ့ရန် လုံလောက်သည့် အကျယ်အဝန်းရှိခြင်း၊ အချက်အချာကျသည့် မြို့များ၊ အဝေးပြေးလမ်း၊ ရထားလမ်းနှင့် ချိတ်ဆက်နိုင်ရန် ဆက်သွယ်မှုကောင်းမွန်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လောပိတနှင့် ဇောင်းတူရေအားလျှပ်စစ်တို့မှ ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းခြင်း၊ ရေလိုအပ်ချက်ကို လေဆိပ်အနီးရှိ ဇလက်ထော်နှင့် မဇင်း ရေလှောင်တမံမှ ရယူနိုင်ခြင်း၊ ပြည်တွင်းပြည်ပ လေယာဉ်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးများအတွက် ဆုံရပ်ဖြစ်ခြင်းဆိုသည့် အားသာချက် ကိုးချက်ကြောင့် ဦးစားပေးရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအစည်းအဝေး ဆွေးနွေးချက်ပါ အချိန်မီဆောင်ရွက်ရမည့်လုပ်ငန်းများအား သတ်မှတ်ကာလအပြီး အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**



ဓာတ်မြစ် ။ ပြည်တွင်းအခွန်များဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။



ဓာတ်မြစ်။ အကောက်ခွန်ဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်ရန် ပုံစံ (၃-က) ဖြင့် လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၆၆ / ၂၀၂၀)**
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက် )

**မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်ရန် ပုံစံ (၃-က) ဖြင့် လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာခြင်း**

၁။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၏ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များအရ အနည်းဆုံးရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရေးအတွက် မဲစာရင်းတွင် ပါဝင်စေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ နယ်မြေရှိ လုပ်ငန်းတာဝန်ခံ၏ ထောက်ခံချက်ကိုလည်းကောင်း၊ အလုပ်သမားဖြစ်ပါက သက်ဆိုင်ရာ လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင် ကိုယ်စားလှယ်၏ ထောက်ခံချက်ကိုလည်းကောင်း၊ အခြားပုဂ္ဂိုလ်ဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်ကိုလည်းကောင်း ဖော်ပြ၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် မဲစာရင်း၌ မိမိတို့၏အမည်ကို ထည့်သွင်းပေးပါရန် ရွေးကောက်ပွဲကျင်းပမည့် နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-က)ဖြင့် လျှောက်ထားရမည်။ **ထိုသို့လျှောက်ထားရာ၌ တောင်းဆိုသူ တင်ပြရမည့် အထောက်အထားနေရာတွင် တောင်းဆိုသူ တင်ပြလိုသည့် စာရွက်စာတမ်းများ၊ သက်သေအထောက်အထားများနှင့်အတူ မိမိတို့၏ အမြဲတမ်းနေရပ်တွင် ပါဝင်သည့် မဲစာရင်းအမှတ်စဉ်ကို ဖြည့်သွင်း တင်ပြရန် ဖြစ်ပါသည်။**

(ခ) အပိုဒ်ခွဲ (က) အရ လျှောက်ထားသည့်အခါ ယင်းတို့သည် မဲဆန္ဒရှင်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ကိုက်ညီပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်၍ မဲစာရင်းတွင် အမည် ထည့်သွင်းပေးမည်ဖြစ်သည်။

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် အပိုဒ်ခွဲ (ခ) အရ မဲစာရင်းတွင် အမည်ထည့်သွင်းခံရသူ၏အမည်ကို အမြဲတမ်းနေရပ်၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ မဲစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် မိမိ၏ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကလည်း ထိုတင်ပြချက်ကို လိုအပ်သလိုဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မဲဆန္ဒရှင်၏ နေရင်းဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၃-ခ) သုံးစောင်ဖြင့် အမြန်ဆုံး ဆက်လက် အကြောင်းကြားသွားမည် ဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်၍ အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များသည် ၁၇-၉-၂၀၂၀ ရက်နေ့မှစတင်၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၃-က) ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားနိုင်သည့် နောက်ဆုံးနေ့ရက်မှာ ၁၀-၁၀-၂၀၂၀ ရက်နေ့ ဖြစ်ပါကြောင်း ထုတ်ပြန် ကြေညာအပ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# လူမှုဖူလုံရေးအဖွဲ့၏ ကိုဗစ်-၁၉ ကာလအတွင်း ဖြေလျှော့ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့်အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

လူမှုဖူလုံရေးအဖွဲ့မှ ကိုဗစ်-၁၉ ကာလအတွင်း ဖြေလျှော့ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များအား ပြည်ထောင်စုဝန်ကြီးထံရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက Coronavirus Disease (COVID-19) ရောဂါသည် ကမ္ဘာ့နိုင်ငံများတွင် ယခုအချိန်ထိ ရောဂါကူးစက်ပြန့်ပွားမှုမှာ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူသားများအပေါ် ကျန်းမာရေးသက်ရောက်မှုသာမက နိုင်ငံအတော်များများ၏ စီးပွားရေးအပေါ်တွင်လည်း ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေခဲ့ပြီး ကမ္ဘာ့နိုင်ငံများအနေဖြင့် ကပ်ရောဂါကြောင့် စီးပွားရေးအပေါ် ဆိုးရွားသော သက်ရောက်မှုများအား တုံ့ပြန်ဆောင်ရွက်နိုင်မည့် မဟာဗျူဟာစီမံကိန်းများကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊





**အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း**

ကိုဗစ်-၁၉ ဂယက်ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်း၊ အလုပ်သမားလျှော့ချခြင်းများ မဖြစ်စေရန်အတွက် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များထုတ်ပြန်၍ ထည့်ဝင်ကြေးပေးသွင်းသည့်ကာလကို ဖြေလျှော့ပေးသွင်း ခွင့်ပြုခြင်း၊ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းခွင်မှ အလုပ်လက်မဲ့ဖြစ်သွားသည့် အာမခံအလုပ်သမားများအတွက် မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့်ကို ၂၆ ပတ်အထိ ခွင့်ပြုပေးခြင်း၊ ဆေးဖိုးနှင့် ခရီးစရိတ်ပြန်အမ်းငွေကို တစ်နှစ်အထိခွင့်ပြုပေးခြင်း၊ ကိုယ်ဝန်ဆောင် အာမခံအလုပ်သမားများကို မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းအဖြစ် ၂၆ ပတ်ထိခွင့်ပြုပေးခြင်း၊ Quarantine ဝင်ရသည့် အာမခံအလုပ်သမားများအတွက် Quarantine ဝင်ရသည့်ကာလ ၂၈ ရက်အား မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းကို ငွေကြေးအကျိုးခံစားခွင့်ပြုခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်နှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေးနိုင်ရန်အတွက် ဧပြီ ၂၀ ရက်မှ မေ ၁၅ ရက်အထိ ခေတ္တပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းအား ခွင့်ပြုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ယခုကဲ့သို့ ဖြေလျှော့ပေးသည့်လုပ်ငန်းစဉ်များအပေါ် ထိရောက်မှု ရှိ/မရှိ ပြန်လည်သုံးသပ်ရန်နှင့် ထိုသို့သုံးသပ်ရာတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုဖူလုံရေးအဖွဲ့များ၏ ကိုဗစ်-၁၉ ကာလအတွင်း တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် အတွေ့အကြုံများကို လေ့လာဆန်းစစ်ပြီး ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ရန် လိုကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါသက်ရောက်မှုများ လျော့နည်းသက်သာစေရေးအစီအမံများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ငွေကြေးအကျိုးခံစားခွင့်**

ယင်းနောက် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကိုဗစ်-၁၉ ကာလအတွင်း လူမှုဖူလုံရေးအဖွဲ့က ခွင့်ပြုထုတ်ပေးခဲ့သည့် ငွေကြေးအကျိုးခံစားခွင့် စုစုပေါင်းကျပ်သန်း ၂၆၅၇၆ ဒသမ ၇၆၂ အား ထုတ်ပေးခဲ့မှု၊ COVID-19 ရောဂါကို တတ်နိုင်သမျှ အကာအကွယ်ဖြစ်စေရန်နှင့် အာမခံအလုပ်သမားများမှ အကျိုးခံစားခွင့်များကို လွယ်ကူလျင်မြန်စွာရရှိစေရန် Wave Money ဖြင့် Pilot ဆောင်ရွက်မှု၊ လူမှုဖူလုံရေး ဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ဆေးခန်းများ၌ အာမခံအလုပ်သမားများအတွက် ဆေးဝါးများ၊ ရောဂါကာကွယ်ရေးပစ္စည်းများနှင့် ဆေးပစ္စည်းကိရိယာများကို အသင့်ဆောင်ရွက်ထားမှုနှင့် ရောဂါကုသပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် Video၊ လက်ကမ်းစာစောင်နှင့် ပိုစတာများ ဖြန့်ဝေပေးမှုနှင့် Viber Sticker များ လွှင့်တင်ဆောင်ရွက်ခဲ့မှု၊ CERP Plan ပါ လူမှုဖူလုံရေးဆိုင်ရာ အချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးက အလုပ်လက်မဲ့ အကျိုးခံစားခွင့်အာမခံစနစ် အကောင်အထည်ဖော်ရန်အတွက် ILO၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်နိုင်ရန် EU အဖွဲ့မှ ထောက်ပံ့ကူညီမှုများရယူပြီး ဆက်လက်ဆောင်ရွက်ရန်၊ အာမခံအလုပ်သမားများ ဆေးဖိုးပြန်လည် ခွင့်ပြုထုတ်ပေးခြင်းကို Wave Money ဖြင့် တိုးချဲ့ဆောင်ရွက်သွားရန်၊ အလုပ်ရှင်များ ထည့်ဝင်ကြေးပေးသွင်းရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် e-Contribution လုပ်ငန်းကို CCT Function ဖြင့် Pilot ဆောင်ရွက်သွားရန်၊ လက်ရှိဆောင်ရွက်နေသော Reform (၄) ဆက်လက်ဆောင်ရွက်ခြင်း၊ လူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ကျန်ရှိသော အကျုံးဝင်အလုပ်ဌာနများအား ဆက်လက်စိစစ်ခွင့်ပြုသွားရန်၊ Quarantine ဝင်သည့်အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများအား မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းကို ဆက်လက်ခွင့်ပြုထုတ်ပေးသွားရန်၊ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် စာရင်းဇယားများ တိကျမှန်ကန်ရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လာသည့် လက်ထောက်ဆရာဝန် ၁၈ ဦးအား တွေ့ဆုံ၍ လူမှုဖူလုံရေးအဖွဲ့သို့ ပြောင်းရွှေ့ရောက်ရှိလာသည့် လက်ထောက်ဆရာဝန်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေပါ ဆောင်ရန်/ရှောင်ရန်အချက်များကို နားလည်သိရှိပြီး နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်ကြရန် ပြောကြားလိုပါကြောင်း၊ ထို့အပြင် မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအား အောင်မြင်အောင် အကောင်အထည်ဖော်ကြရမည်ဖြစ်ပြီး မိမိတို့နှင့်သက်ဆိုင်သော ပညာရပ်များသာမက နိုင်ငံ့ဝန်ထမ်းတိုင်း သိသင့်သိထိုက်သည့် ဘာသာရပ်နယ်ပယ်အသီးသီးကိုလည်း နားလည်သိရှိပြီး အစဉ်တိုးတက်စေရန် လေ့လာဆည်းပူးသွားကြရန် လိုအပ်ပါကြောင်း၊

**ပိုမိုယုံကြည်အားကိုး**

လူမှုဖူလုံရေးဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကျန်းမာရေးဝန်ထမ်းများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သောကြောင့် အာမခံအလုပ်သမားများအနေဖြင့် ဆေးရုံ/ဆေးခန်းများကို ပိုမိုယုံကြည်အားကိုးလာစေရန် မိမိတို့တတ်ကျွမ်းသည့် ပညာရပ်များဖြင့် ထိရောက်သောဝန်ဆောင်မှုပေး၍ နွေးထွေးပျူငှာစွာ ဆက်ဆံဆောင်ရွက်သွားရေးသည် အရေးကြီးပါကြောင်းနှင့် အာမခံအလုပ်သမားများအား ထိရောက်သောဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားကြစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မိုင်းယောင်း၊ မိုင်းယုနှင့် မိုင်းဖြတ်မြို့များ၌ CERP အစီအစဉ်အရ ငါးသားပေါက်များ ထောက်ပံ့

**တာချီလိတ် စက်တင်ဘာ ၁**

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တာချီလိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက မိုင်းယောင်းမြို့၊ မိုင်းယုမြို့နှင့် မိုင်းဖြတ်မြို့နယ်များအတွက် COVID-19 CERP အစီအစဉ်အရ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်မှ ငါးသားပေါက်များ ထောက်ပံ့ရာတွင် တာချီလိတ်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးစန်းမောင်ဦးနှင့် မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးညီညီဝင်းတို့သည် မိုင်းယောင်းမြို့နှင့် မိုင်းယုမြို့တို့တွင် ငါးမွေးတောင်သူ ၁၆၅ ဦး၏ ငါးမွေးကန်၂၄၂ ဧကအတွက် ငါးကောင်ရေ ၂၄၂၀၀၀ အား ဩဂုတ် ၃၀ ရက်တွင်လည်းကောင်း၊ မိုင်းဖြတ်မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူ ၄၆ ဦး၏ ငါးမွေးကန်၂၈ ဧကအတွက် ငါးသားပေါက်ကောင်ရေ ၂၈၀၀၀ အား ဩဂုတ် ၃၁ ရက်တွင် မိုင်းဖြတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် လယ်စီခန့်အဖွဲ့များက ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရန်ကုန်တိုင်းဒေသကြီးမှ

၃။ အဆိုပါ မြို့နယ် ၇ မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)

(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာသွားရောက်ရန်၊

(ဃ) နေအိမ်မှပြင်ပသို့သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(mask)တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင်ယာဉ်ပေါ်တွင်တစ်ဦး၊ ဆေးရုံဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင်နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ်၃ အပိုဒ်ခွဲ(ခ)၊(ဂ)နှင့်(စ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့် မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂-၉-၂၀၂၀ရက်၊ နံနက် ၈နာရီ အချိန်မှ စတင်သက်ရောက်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

# ရခိုင်ပြည်နယ်တွင်သာမက တိုင်းဒေသကြီး / ပြည်နယ်အားလုံး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

ရခိုင်ပြည်နယ်တွင်သာမက တိုင်းဒေသကြီး/ ပြည်နယ်အားလုံး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ရှိသူများ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ပြုလုပ်သည်။



**ရှုထောင့်အသီးသီး စဉ်းစား**

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိတွင် ကိုဗစ်-၁၉ သည် အချိန်တိုအတွင်း လျင်မြန်စွာ ကူးစက်ပြန့်ပွားလျက်ရှိရာ မိမိတို့အနေဖြင့် အဆိုးဆုံးသောအခြေအနေ (worst case scenario) ကို မျှော်မှန်းကာ ရှိသော အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးချပြီး တုံ့ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခြေအနေမှာ အရေးကြီးသည့် လမ်းဆုံလမ်းခွအခြေအနေတစ်ခုသို့ ရောက်ရှိနေသဖြင့် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်မှသာ ဤကပ်ရောဂါကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် မိမိတို့သည် ကျန်းမာရေးကဏ္ဍ ရှုထောင့်တစ်မျိုးတည်းမှ မကြည့်ဘဲ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး စသည့် ရှုထောင့်အသီးသီးတို့ကိုပါ ထည့်သွင်းစဉ်းစားကာ ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကပ်ရောဂါထိန်းချုပ်မှုနှင့်ပတ်သက်၍ မိမိတို့ ဝန်ကြီးဌာနသည် ဗဟိုကော်မတီမှ ချမှတ်လမ်းညွှန်ထားသော လုပ်သင့်လုပ်ထိုက်သည့်အချက်များအား ဆောင်ရွက်လျက်ရှိပြီး ပါဝင်ဆောင်ရွက်နေသူများအားလုံးအား အသိအမှတ်ပြုပါကြောင်း၊ လက်တွေ့မြေပြင်အခြေအနေ၌ ကပ်ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် လူမှုရေးဝန်ကြီးများ၏ ဦးဆောင်မှုနှင့် ပံ့ပိုးမှုသည် မရှိမဖြစ်အရေးကြီးသည် ဆိုသည့်အချက်ကို သတိပြုရမည်ဖြစ်ပါကြောင်း၊ ယခုရောက်ရှိနေသော ကပ်ရောဂါ၏ အခြေအနေနှင့် အဆင့်တွင် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအားလုံးအား အမြန်ဆုံးရှာဖွေဖော်ထုတ်ခြင်းသည် အဓိကအကျဆုံးနှင့် အရေးအကြီးဆုံးနည်းဗျူဟာ ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်မှ အခြားနေရာဒေသများသို့ ခရီးသွားလာခဲ့သူတစ်ဦးချင်းအား ဝန်ကြီးဌာနမှ ဆရာဝန်များက တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ ကျန်းမာရေးစစ်ဆေးမှုနှင့် အသွားအလာကန့်သတ်မှုခံယူရန် အကြောင်းကြားလျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ယာယီစခန်းများ၊ ပြန်လည်လက်ခံရေးစခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် ရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲအနေဖြင့် လက်ရှိတွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ပျံ့နှံ့မှု အရှိန်အဟုန်နှင့် ပျံ့နှံ့မှုလားရာတို့ကို အသေးစိတ်သုံးသပ်လျက်ရှိပါကြောင်း၊ ဤဌာနခွဲအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ကူးစက်ရောဂါတိုက်ဖျက်ရေး တာဝန်ရှိသူများနှင့် နေ့စဉ်ချိတ်ဆက် ဆွေးနွေးတိုင်ပင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တွေ့ရှိရသော သတင်းအချက်အလက်များကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာသုံးသပ်ရမည်ဖြစ်ပါကြောင်း၊ တွေ့ရှိချက်များနှင့် ပံ့ပိုးဆောင်ရွက်ရမည့်အချက်များကို အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူအကြီးအကဲများထံ တင်ပြရမည်ဖြစ်ပြီး ဝန်ကြီးဌာနမှ ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝန်ကြီးဌာန အတိုင်းအတာနှင့် ဆောင်ရွက်နိုင်ခြင်းမရှိပါက ဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ လျင်မြန်စွာကူးစက်ဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်သို့ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးနှင့် ဆေးပစ္စည်းများနှင့် စက်ကိရိယာများအား အထူးလေယာဉ်များဖြင့် ဆက်တိုက်ပို့ဆောင်လျက်ရှိပါကြောင်း၊ ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးရှိသူများကို ဖော်ထုတ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများအား ထပ်မံတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အသိပေးမှု တိုးမြှင့်**

လက်ရှိရေးဆွဲထားသည့် လုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများကိုလည်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထပ်မံတွေ့ရှိချက်အသစ်များ၊ ကူးစက်ပျံ့နှံ့ပုံစံများ၊ ပြောင်းလဲလျက်ရှိသော ရောဂါလက္ခဏာများ စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး မွမ်းမံရေးဆွဲကာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမည့်ကာလ၊ ကိုဗစ်-၁၉ လူနာများအား ကုသမှုပေးခြင်းနှင့် ဆေးရုံဆင်းခွင့်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အမေရိကန် CDC နှင့် နောက်ဆုံးပေါ် သုတေသနတွေ့ရှိချက်များအပေါ်အခြေခံပြီး သက်ဆိုင်ရာ ပညာရှင်အသီးသီးနှင့် ဆွေးနွေးတိုင်ပင်ကာ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ပြီး ဖြန့်ဝေလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုနည်းပါးသော တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများအနေဖြင့် ကိုဗစ်-၁၉ လူနာများ များပြားလာနိုင်သည်ဟူသော ခံယူချက်ကိုနောက်ခံထား၍ စောင့်ကြည့်လူနာများအား စနစ်တကျထားရှိရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များကို ဆန်းစစ်သုံးသပ်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်မည့်ကာလ အတိုအရှည်သည် ပြည်သူများ ကိုယ်တိုင် ပူးပေါင်းပါဝင်မှုနှင့် စည်းကမ်းလိုက်နာမှုတို့အပေါ်၌ အဓိကမူတည်နေပါသဖြင့် ရပ်ကွက်၊ ကျေးရွာများတွင် အသံချဲ့စက်များအသုံးပြုကာ ပြည်သူများအား အသိပေးနှိုးဆော်မှုများကို တိုးမြှင့်လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်နှင့် စစ်တွေမြို့သို့ရောက်ရှိနေသည့် ဗဟိုကွင်းဆင်းအဖွဲ့ ခေါင်းဆောင် ညွှန်ကြားရေးမှူး ဒေါက်တာဥာဏ်ဝင်းမြင့်က ရောဂါပျံ့နှံ့မှု အတိုင်းအတာနှင့် ပျံ့နှံ့မှုပုံသဏ္ဌာန်များကို သိရှိနိုင်ရန် စစ်တွေမြို့မှ ကိုဗစ်-၁၉ ကူးစက်နိုင်ခြေ များပြားသူများအား ကျပန်းစနစ်ဖြင့်ရွေးချယ်ကာ rapid test kit ဖြင့် ပဋိပစ္စည်းများ ရှိ၊ မရှိ စစ်ဆေးမှုအခြေအနေများနှင့် test positive တွေ့ရှိသူများအား PCR စနစ်ဖြင့် ထပ်မံစစ်ဆေးသွားမည့်အစီအစဉ်၊ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအပေါ် ခြုံငုံသုံးသပ်ချက်များကိုလည်းကောင်း။

စစ်တွေပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်က ဆေးရုံကြီး၌ ကိုဗစ်-၁၉ လူနာများအား ကုသပေးနေရမှု၊ လူနာများ၏ အခြေအနေများ၊ အထူးကြပ်မတ်ကုသဆောင်နှင့် အသက်ရှူစက်များ တပ်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လူနာတွေ့ရှိမှု၊ ကုသမှုအခြေအနေများ၊ အသွားအလာကန့်သတ်မှု အခြေအနေများကိုလည်းကောင်း၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးက ယနေ့နံနက်ပိုင်းတွင် ကုသရေးပါမောက္ခများနှင့် ဆွေးနွေးတိုင်ပင်ခဲ့မှုနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)ကို လူနာများ သက်သောင့်သက်သာကုသမှုခံယူနိုင်သည့် လေအေးစက်ပါဝင်သည့်၊ အောက်ဆီဂျင်ပေးနိုင်သည့် တစ်ဦးချင်းလူနာခန်းများ၊ စက်ကိရိယာစုံလင်သည့် အထူးကြပ်မတ်ကုသဆောင်များကဲ့သို့ ကုသမှုပိုင်းဆိုင်ရာသာမက ကျန်းမာရေးဝန်ထမ်းများနှင့် အခြားပံ့ပိုးကူညီသူများ နေထိုင်ရေး၊ လုပ်ငန်းများ ကြီးကြပ်ရေး၊ လုံခြုံရေး၊ အင်တာနက်ဆက်သွယ်ရေး၊ ကျွေးမွေးရေးစသည်ဖြင့် ပြင်ဆင်ထားရှိမှုအခြေအနေများအား လည်းကောင်း။

**ဖြေကြားခြင်း မရှိ**

အစည်းအဝေးသို့တက်ရောက်လာသည့် ဆေးပညာပါမောက္ခ/ ဌာနမှူးများနှင့် အပူပိုင်းနှင့် ကူးစက်ရောဂါပညာပါမောက္ခ/ ဌာနမှူးများက ဆေးပညာရှင်များအချင်းချင်း ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်တိုင်ပင်ကာ ကိုဗစ်-၁၉ လူနာများအား ကုသပေးနေမှုများအားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်က ဓာတ်ခွဲစစ်ဆေးမှုများကို PCR စက်များဖြင့် စစ်ဆေးခြင်းအပြင် GeneXpert စက်များဖြင့်အသုံးပြုကာ တိုးမြှင့်စစ်ဆေးနေမှု အခြေအနေများနှင့် ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ အကြံပြုချက်များကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်တို့က ရခိုင်ပြည်နယ်မှ အခြားနေရာဒေသများသို့ ခရီးသွားလာခဲ့သူတစ်ဦးချင်းအား ကျန်းမာရေးဝန်ထမ်းများက တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ ကျန်းမာရေးစစ်ဆေးမှုနှင့် အသွားအလာကန့်သတ်မှုခံယူရန် ပြောကြားနေမှုအခြေအနေများနှင့် ထိုသို့ဆက်သွယ်ရာတွင် အဆိုပါခရီးသည်များနှင့် ခရီးသွားဝန်ဆောင်သူ အချို့က တယ်လီဖုန်းမကိုင်မှု၊ ကိုင်ပြီးနောက် ဖုန်းချခြင်းနှင့် ပိတ်ထားခြင်းများ ပြုလုပ်မှုတို့အပြင် ကောင်းမွန်စွာ ပြန်လည်ဖြေကြားခြင်း မရှိမှုများကိုလည်းကောင်း။

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတိုးသီရိအောင်က မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများအား ခြုံငုံသုံးသပ်မှုများကိုလည်းကောင်း၊ သံတွဲပြည်သူ့ဆေးရုံနှင့် ကျောက်ဖြူပြည်သူ့ဆေးရုံတို့မှ ဆေးရုံအုပ်ကြီးများက ဆေးရုံအလိုက် ကိုဗစ်-၁၉ လူနာများအား ကုသမှုပေးနေမှုများနှင့် လူနာများ၏ အခြေအနေများကိုလည်းကောင်း အသီးသီးတင်ပြခဲ့ကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေတင်ပြမှုနှင့် ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးပြုလုပ်ပြီးနောက် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထပ်မံတွေ့ရှိချက်အသစ်များ၊ ကူးစက်ပျံ့နှံ့ပုံစံများ၊ ပြောင်းလဲလျက်ရှိသော ရောဂါလက္ခဏာများ စသည်တို့အား ထည့်သွင်းစဉ်းစားကာ အသွားအလာကန့်သတ်ခြင်း၊ ကိုဗစ်-၁၉ လူနာများအား ကုသမှုပေးခြင်းနှင့် ဆေးရုံဆင်းခွင့်ပေးခြင်း စသည်တို့နှင့်ပတ်သက်၍ လက်ရှိရေးဆွဲထားသည့် လုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများကို မွမ်းမံရေးဆွဲရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**✻ MNL မှ**

မရတော့ဘဲ ဟံသာဝတီနှင့် သုံးမှတ်ကွာဟနေသောကြောင့် နိုင်ပွဲပြန်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။

ပွဲစဉ် (၁၂) အပြီးတွင် ဟံသာဝတီအသင်းက ၂၇ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှောဝတီအသင်းက ၂၄ မှတ်၊ ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၀ စီ၊ ရခိုင်အသင်းက ၁၄ မှတ်၊ ရတနာပုံနှင့် စစ်ကိုင်းအသင်းက ၁၀ မှတ်စီ၊ မကွေးအသင်းက ခုနစ်မှတ်၊ အား/ကာသိပ္ပံအသင်းက လေးမှတ်၊ Southern အသင်းက သုံးမှတ် ရရှိထားသည်။ ပွဲစဉ်များကို နှစ်ရက်ကန် နှစ်ရက်နားကျင်းပနေသောကြောင့် အသင်းများအားလုံး ပွဲပန်းသည့်ဒဏ်ကို ခံစားရဖွယ်ရှိနေပြီး ဘယ်အသင်း ခြေချော်မလဲ၊ ဘယ်အသင်း နိုင်ပွဲဆက်မလဲဆိုတာ စိတ်ဝင်စားစရာပင်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ရခိုင်ပြည်နယ်ရှိ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကြသူများအတွက် စေတနာ့ဝန်ထမ်းသင်တန်းပို့ချ

**နေပြည်တော် စက်တင်ဘာ ၁**

အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ကြသည့် ဒေသခံစေတနာ့ဝန်ထမ်းများအတွက် စေတနာ့ဝန်ထမ်း (ဆင့်ပွား) သင်တန်း (Online Training) သင်ကြားခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ပူးပေါင်း၍ ကျင်းပသည်။

အဆိုပါ သင်တန်းကို စေတနာ့ဝန်ထမ်းသင်တန်း လက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များအတိုင်း ဆွေးနွေးသင်ကြားခြင်းဖြစ်ပြီး စစ်တွေမြို့ ဒေသခံစေတနာ့ဝန်ထမ်း ၁၃ ဦး တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆင့်ပွားသင်တန်းတက်ရောက်နေကြသူများ၊ ရခိုင်ပြည်နယ်၏ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ရန်ကုန်မြို့မှ သွားရောက်ကူညီပေးကြသည့် စေတနာ့ဝန်ထမ်း ၂၅ ဦးတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ၍ စေတနာ့ဝန်ထမ်းများ၏ အကြံပြုချက်များ၊ လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် Quarantine လုပ်ငန်းစဉ်သည် အရေးကြီးကြောင်း၊ Quarantine လုပ်ငန်းစဉ်အတွက် စေတနာ့ဝန်ထမ်းများ၏ အင်အားသည် အရေးကြီးပါကြောင်း၊ စေတနာ့ဝန်ထမ်းများ



အနေဖြင့် Quarantine ဝင်ရသူများနှင့် ပြောဆိုဆက်သွယ်ဆောင်ရွက်ရာတွင် သဘာထားကွဲလွဲမှုများ ကြုံတွေ့နိုင်ပါကြောင်း၊ မိမိတို့ဆောင်ရွက်သည့်လုပ်ငန်း၏ ရည်ရွယ်ချက်ကို မထိခိုက်စေရန်၊ မှန်ကန်ထိရောက်သော ပြောဆိုဆက်သွယ်ဆောင်ရွက်မှုများဖြစ်စေရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် စေတနာ့ဝန်ထမ်းလက်စွဲစာအုပ်တွင် ပြောဆိုဆက်သွယ်မှုဆိုင်ရာ ကျွမ်းကျင်မှုကဏ္ဍကို ထည့်သွင်းပေးထားပါကြောင်း၊ ယနေ့ခေတ် လူငယ်များသည် စိတ်ဓာတ်အခြေခံကောင်းများရှိခြင်းကြောင့် သင်ယူလေ့လာမှုတွင် တတ်မြောက်ရန်လွယ်ကူကြပါကြောင်း၊ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသူများအနေဖြင့် မိမိကိုယ်တိုင် ရောဂါပိုးမကူးစက်ရန် အထူးသတိထားကာကွယ်ကြရန် အရေးကြီးပါကြောင်း၊ အခက်အခဲများကြားမှ ရခိုင်ပြည်နယ်အတွင်း ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ကြသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများ၏ အကြံဉာဏ်များကို အလေးထားပါကြောင်း၊ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ လိုအပ်ချက်များနှင့် အခက်အခဲများကို ဝိုင်းဝန်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယနေ့ စေတနာ့ဝန်ထမ်း (ဆင့်ပွား)သင်တန်း (Online Training) သင်ကြားခြင်းကို ပါဝင်တက်ရောက်ကြသည့် ဒေသခံများ၊ အင်အားဖြည့် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် online ဖြင့် အချိန်ပေးဆွေးနွေးသင်ကြားပေးသည့် သင်တန်းဆရာဆရာမများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ရခိုင်ပြည်နယ်အတွင်း ထောက်ပံ့ပေးမှုများနှင့် ဝန်ကြီးဌာနက တိုက်ပွဲရှောင်များအတွက် စားနပ်ရိက္ခာပုံမှန်ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စေတနာ့ဝန်ထမ်းများက လိုအပ်ချက်များနှင့် အကြံပြုချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းပေးနိုင်သည့် ကိစ္စများကို အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပြီး သီးခြားလိုအပ်ချက်များ၊ အခက်အခဲများကို သက်ဆိုင်ရာဌာနများနှင့် အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဆက်လက်၍ စေတနာ့ဝန်ထမ်းများက ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် အစိုးရက ပံ့ပိုးကူညီမှုများနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် ထောက်ပံ့မှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ပညာပေးမှုအစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်လိုသည့်အချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် စေတနာ့ဝန်ထမ်း (ဆင့်ပွား) သင်တန်း (Online Training) သင်ကြားခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ထပ်တိုးထောက်ပံ့ငွေ ပေးအပ်

**တောင်ကြီး စက်တင်ဘာ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုများဖြစ်သော ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP)အရ ထပ်တိုးထောက်ပံ့ကြေး ငွေကျပ် ၁၁၆၂ ဒသမ ၂၅ သိန်း ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ ညနေ ၃ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလင်းထွဋ်က ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံသို့ ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးထွန်းဦးက ထပ်တိုးထောက်ပံ့ငွေကျပ် ၁၁၆၂ ဒသမ ၂၅ သိန်း ပေးအပ်သည်။

ထို့နောက် ရှမ်းပြည်နယ်အတွင်းရှိ ထပ်တိုးထောက်ပံ့ပေးမည့် မသန်စွမ်းသူ စုစုပေါင်း ၁၁၃၂၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၃၃၉၇ ဒသမ ၅ သိန်း၊ ရှမ်းပြည်နယ် အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၄၆ ခုအတွက် ငွေကျပ် ၅၇၃ ဒသမ ၇၅ သိန်း၊ အသက် ၈၅ နှစ်အထက် ဘိုး/ဘွားများ လူမှုရေးပင်စင် ၁၀၅၀၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၁၅၂ ဒသမ ၇ သိန်း၊ အသက်(၈၀-၈၅)နှစ် ဘိုး/ဘွားများ လူမှုရေးပင်စင် ၁၄၄၇၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၃၄၂ ဒသမ ၈ သိန်းတို့ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ပေးအပ်ရာ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က လက်ခံရယူသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူတို့က တောင်ကြီးမြို့ပေါ် ရပ်ကွက် ၂၂ ရပ်ကွက်မှ တက်ရောက်လာသော မသန်စွမ်းသူများအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။
**ခရိုင်(ပြန်/ဆက်)**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထား ခြင်းကြောင့် နိုင်ငံအရပ်ရပ်၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် အကြိမ် (၂၀) မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ဆွစ်ဇာလန်မှ တစ်ဦး၊ ဘယ်လ်ဂျီယံမှ နှစ်ဦး၊ ဘရာဇီးလ်မှ သုံးဦး၊ ကနေဒါမှ သုံးဦး၊ ပြင်သစ်မှ သုံးဦး၊ အင်ဒိုနီးရှားမှ သုံးဦး၊ ဗြိတိန်မှ လေးဦး၊ အီတလီမှ လေးဦး၊ နော်ဝေမှ သုံးဦး၊ တောင်အာဖရိကမှ နှစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၂၂ ဦး၊ ကိုရီးယား သမ္မတနိုင်ငံမှ ၅၂ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၀၂ ဦး လိုက်ပါလာခဲ့သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

### ပြန်လည်ခေါ်ဆောင်

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၃၁၇၂ ဦးအား ကယ်ဆယ်ရေးလေယာဉ်၊ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။
**သတင်းစဉ်**

ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၇၈၄၃ | ၉၁၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၅၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၆၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၄၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရခိုင် | ၄၁၅ | |
| ၂ | ရန်ကုန် | ၄၀၃ | ၅ |
| ၃ | ချင်း | ၁၉ | |
| ၄ | မွန် | ၁၆ | |
| ၅ | ပဲခူး | ၁၅ | ၁ |
| ၆ | စစ်ကိုင်း | ၁၀ | |
| ၇ | မန္တလေး | ၇ | |
| ၈ | ရှမ်း(တောင်) | ၆ | |
| ၉ | ကရင် | ၆ | |
| ၁၀ | တနင်္သာရီ | ၅ | |
| ၁၁ | မကွေး | ၄ | |
| ၁၂ | ရှမ်း(မြောက်) | ၃ | |
| ၁၃ | ရှမ်း(ရှေ့) | ၃ | |
| ၁၄ | နေပြည်တော် | ၃ | |
| ၁၅ | ဧရာဝတီ | ၂ | |
| ၁၆ | ကချင် | ၂ | |
| စုစုပေါင်း | | ၉၁၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန　　၁-၉-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၁၂၇၀၈ | ၃၄၅၇၃၁၈ | ၁၈၇၇၉၂ |
| ၂။ | ဘရာဇီး | ၃၉၁၀၉၀၁ | ၃၀၉၇၇၃၄ | ၁၂၁၅၁၅ |
| ၃။ | အိန္ဒိယ | ၃၆၉၄၈၇၈ | ၂၈၄၀၀၄၀ | ၆၅၄၆၉ |
| ၄။ | ရုရှား | ၁၀၀၀၀၄၈ | ၈၁၅၇၀၅ | ၁၇၂၉၉ |
| ၅။ | ပီရူး | ၆၅၂၀၃၇ | ၄၆၂၃၂၉ | ၂၈၉၄၄ |
| ၆။ | တောင်အာဖရိက | ၆၂၇၀၄၁ | ၅၄၀၉၂၃ | ၁၄၁၄၉ |
| ၇။ | ကိုလံဘီယာ | ၆၁၅၁၆၈ | ၄၅၉၄၇၅ | ၁၉၆၆၃ |
| ၈။ | မက္ကဆီကို | ၅၉၉၅၆၀ | ၄၁၆၇၃၈ | ၆၄၄၁၄ |
| ၉။ | စပိန် | ၄၆၂၈၅၈ | စိစစ်ဆဲ | ၂၉၀၉၄ |
| ၁၀။ | အာဂျင်တီးနား | ၄၁၇၇၃၅ | ၃၀၈၃၇၆ | ၈၇၃၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၂၂၄၂၆၄ | ၁၅၈၀၀၂ | ၃၅၉၇ |
| ၂။ | အင်ဒိုနီးရှား | ၁၇၇၅၇၁ | ၁၂၈၀၅၇ | ၇၅၀၅ |
| ၃။ | စင်ကာပူ | ၅၆၈၅၂ | ၅၅၆၅၈ | ၂၇ |
| ၄။ | မလေးရှား | ၉၃၅၄ | ၉၀၇၅ | ၁၂၈ |
| ၅။ | ထိုင်း | ၃၄၁၇ | ၃၂၇၄ | ၅၈ |
| ၆။ | ဗီယက်နမ် | ၁၀၄၄ | ၇၃၅ | ၃၄ |
| ၇။ | မြန်မာ | ၉၁၉ | ၃၅၇ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၄ | ၂၆၆ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| ၁၀။ | လာအို | ၂၂ | ၂၁ | ၀ |

# လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်းသင်တန်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် IOM (Myanmar)တို့ ပူးပေါင်း၍ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အွန်လိုင်းဖြင့် ပြုလုပ်သည်။



အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်နေပြီး သင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပေါ်ပေါက်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊လုပ်ငန်းအဖွဲ့သုံးဖွဲ့နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ နှစ်စဉ်လုပ်ငန်းစီမံချက်များ ရေးဆွဲ၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ဖွဲ့စည်းထားသော "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့" ဥက္ကဋ္ဌအဖြစ် တာဝန်ဆောင်ရွက်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ ဆက်စပ်အစိုးရဌာနအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် "ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်" ထုတ်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော "နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့" ဖွဲ့စည်း၍ IOM( Myanmar) ၏ နည်းပညာအကူအညီရယူပြီး ၂၀၁၆ ခုနှစ်တွင် စတင်ရေးဆွဲခဲ့သည်။ စံလုပ်ငန်းအစီအစဉ် ပေါ်ထွက်လာရေး အစည်းအဝေးများ ကျင်းပခဲ့ခြင်း၊ အပြီးသတ်မူကြမ်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သို့ တင်ပြ လမ်းညွှန်မှုခံယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ထုတ်ဝေနိုင်ခဲ့သည်။

စံလုပ်ငန်းအစီအစဉ်သည် လူကုန်ကူးခံရသည်ဟု ယူဆရသူ (သို့မဟုတ်) လူကုန်ကူးခံရသူအဖြစ် ကနဦးသတ်မှတ်ထားသူများကို လူကုန်ကူးခံရသူအဖြစ် စိစစ်ဖော်ထုတ်သတ်မှတ်ခြင်း၊ လူကုန်ကူးခံရသူများကို အကူအညီပေးခြင်း၊ ပြန်လည်ပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ဝန်ဆောင်မှုပေးနေသူများသည် ၎င်းတို့၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာ သိရှိနားလည်ပြီး လူကုန်ကူးခံရသူများအား အကာအကွယ်ပေးခြင်းနှင့် ကူညီထောက်ပံ့ခြင်းလုပ်ငန်းများကို ပိုမိုစနစ်ကျနစွာ ဆောင်ရွက်နိုင်ခြင်းအားဖြင့် လူကုန်ကူးခံရသူများ၏ အကောင်းဆုံး အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တံခါးမြို့နယ်၌ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

**ကျောက်တံခါး စက်တင်ဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ နိုင်ငံတော်က ငါးမွေးမြူရေးကဏ္ဍ ပြန်လည်ဦးမော့လာစေရေးအတွက် ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးလျက်ရှိရာ ယနေ့နံနက် ၈ နာရီခွဲက ကျောက်တံခါးမြို့နယ်(ကန်တစ်ရာ) သမဝါယမငါးမွေးမြူရေးကန်၌ ကျောက်တံခါးမြို့နယ် ငါးမွေးတောင်သူများသို့ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပေးအပ်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ ကျောက်တံခါးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစန်းဝင်းနှင့် တာဝန်ရှိသူများက ငါးမွေးတောင်သူ ၄၂ ဦး၏ ငါးမွေးကန်ဧရိယာ ၂၈၂ ဒသမ ၃၉ ဧကအတွက် ငါးသားပေါက်ကောင်ရေ ၂၉၇၃၅၇ ကောင်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဇ္ဈိမ ဝစန မေတ္တာရည်ဆောင် လဝါခေါင်

## ရာမည-သွေးမွန်

မြန်မာမှု ပြက္ခဒိန်အရ ပဉ္စမမြောက်လဖြစ်၍ "မငြိမ့် တငြိမ် ရွာတိမ်ရောင့်သည့်၊ ပြာချိန်တမှောင့် မှောင်အလျှံ၊ ဗျာဂိန် တထောင့် တောင်ကမ်းပါးယံဝယ်၊ ဝါခေါင် ဝသန် ဖန်တော်ပျိုး၊ ပွေ့ရုံဝင့်လို့ လွင့်မပြယ်တယ်၊ မဆင့် ချင့်ချင် ဆင်ကွဲဆင်တဲ့မိုး" ..ဟူ၍ စာရေးတော် ဦးမောင်ကလေး ၏ ရှစ်ဆယ်ပေါ်တေးထပ်ကို အမှတ်ရဖွယ် မိုးလေကဲချိန်၌ ဖြစ်၏။

"ဝါဆိုဝါခေါင် ရေဖောင်ဖောင်" ဆိုသည့်အတိုင်း မိမိတို့ လက်ရှိနိုင်ငံတစ်ဝန်းတွင် မိုးမင်းလွန်ကဲမှုကို သတင်းစာ စာမျက်နှာများထက်မှ နေ့စဉ်တွေ့မြင်နေရ ပေရာ မရှိမကောင်း၊ ရှိမကောင်း မိုးရေကို စနစ်တကျ ထိန်းကျောင်းကာ လူတို့အတွက် အကျိုးရှိစွာ အသုံးချ နိုင်ဖို့လိုပေသည်။ဤလကို ပုံမှန်အားဖြင့်ဆိုရသော်..

မိမိတို့ ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာမှုတွင် ဝါတွင်းကာလအဖြစ် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ် လပြည့်နေ့အထိ မိုးတွင်းသုံးလတာကာလကို သတ်မှတ် ၏။ ယင်းသုံးလတွင် ဝါခေါင်လသည် အလယ်ဗဟို ကျသဖြင့် ဝါ၏ အလယ်လ ဖြစ်သည်။ ကဝိလက္ခဏာ ဒီပနီကျမ်းတွင် "တကယ်ကဲ့ဟန်၊ အိပ်မက်ပြန်၊ ညဥ့် သန်းခေါင်အခါ၊.." ဟူ၍ ပြဆိုသကဲ့သို့ "ခေါင်" သည် "အလယ်ခေါင်"ကို ယူသည်။ သို့ဖြစ်၍ ဝါတို့၏ အလယ် ဗဟိုဖြစ်သော "ဝါလယ်" ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။

သို့အတွက် ဝါခေါင်ဟူသော အဓိပ္ပာယ်သည် ရဟန်း သံဃာတို့၏ ကျောင်းအာရာမ်တွင်း၌ နေရသော မိုးတွင်းသုံးလ(ဝါတွင်းကာလ)၏ အလယ်လ၊ ဝါလယ် လပင် ဖြစ်သည်။ ဤသည်ကိုပင် "ဝါခေါင်" ဟု ဆိုခြင်း ဖြစ်သည်။ ထိုထက်မက ယင်းကျမ်းမှာပင် ဝါခေါင်လ ဟူသည်မှာ "မိုးခေါင်"သည်ဟူသော ဝေါဟာရကဲ့သို့ ရဟန်းသံဃာတိုင်း ဝါမဆို၊ ဝါမကပ်၊ ဝါနှင့်ဝေးသော လ..ဟူ၍ ဖော်ပြထားပြန်သည်။ ရဟန်းတော်များသည် ဝါဆိုလပြည့်ကျော် (၁)ရက်နေ့၌လည်း မဇ္ဈိမဝါကပ်ဆိုကြ သည်။ ထို့ပြင် ဤနေရာ၌ "ခေါင်"ကို ဝေးကွာခြင်းဟု ယူဆခြင်းမှာလည်း မှားပါသည်။ မိမိတို့ ဗုဒ္ဓဘာသာဝင် မြန်မာများသည် "ဝါဆိုဝါခေါင် ထိန်းရင်လ သေကိန်းပ ဆွေကြင်ဖော်.."ဟူသော စာချိုးအရ အမျိုးကောင်းသား သမီးတို့ ဤဝါတွင်းသုံးလတွင် အပါအဝင်ဖြစ်သော ဝါခေါင်လတွင်လည်း လက်ထပ်ထိမ်းမြားခြင်း ပြုလေ့ မရှိပါ။

### ရာသီပွဲများ

ရာသီပွဲများမှာ "စာရေးတံမဲအလှူပွဲ" ဖြစ်၏။ ဤပွဲ မှာ ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ဖြစ်၏။ တစ်ပြည်လုံးတွင် အစာရေစာ ငတ်မွတ် ခေါင်းပါးလာသော ဘေးဒုက္ခကြီး ဆိုက်ရောက်လာသည်။ ထိုအခါ အလှူ့ဒါယကာများသည် ကျောင်းတိုက် တစ်တိုက်လုံးရှိ သံဃာတော်တို့အား ဆွမ်းခဲဖွယ် လှူဒါန်းရန်ခက်ခဲမှုရှိလာသည်။ သို့ဖြင့်သံဃာတော်များ ထဲမှ တစ်ပါး၊ နှစ်ပါး ၊ ငါးပါး၊ ၁၀ ပါး စသည်ဖြင့် ရည်ညွှန်း ခွဲဝေ ရွေးချယ်ကာ လှူဒါန်းလိုကြောင်း ဘုရားရှင်ထံ လျှောက်ထားတောင်းပန်ကြရာ ဘုရားရှင်က ခွင့်ပြုတော် မူ၏။

ထိုအခါမှစ၍ စာရေးတံမဲချ လှူဒါန်းရသော အစဉ်အလာတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ရည်ညွှန်း ရဟန်းသည် စာရေးတံမဲဆွမ်းကိစ္စကို ဆောင်ရွက်သည့် အခါ ဒါယကာ၏အမည်ကို သစ်သား၊ ဝါးခြမ်းပြား၊ နှီးပြား၊ ထန်းရွက်၊ ပေရွက် စသည်တစ်ခုခုတွင် ရေးသား ရ၏။ ဤသည်ကို မဲအဖြစ် အသုံးပြုကြရသည်။ မထေရ်ကြီးမှ စ၍ဖြစ်စေ၊ အလှည့်ကျ ရဟန်းမှဖြစ်စေ စာရေးတံမဲကို နှိုက်ကြရသည်။ မဲကျသည့် ဆွမ်းဒါယကာ၏ နေအိမ်သို့ ပင့်လျှောက်ချက်အရ ကြွရောက်ဆွမ်းဘုန်းပေးကြ ရသည်။

ယင်းသို့ဖြင့် ဘုရားရှင်လက်ထက်တော်တစ်လျှောက် ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင်မူ သံဃာတော် များ၏ ဘွဲ့အမည်ကို စာရေးတံမဲတွင်ရေးသားကာ ဆွမ်းဒါယကာတို့က မဲနှိုက်၍ ကျရာသံဃာကို နေအိမ်သို့ ပင့်ဆောင်ပြီး ဘောဇဉ်ကို ဆက်ကပ်လှူဒါန်းကြသည်။ အချို့က ဆွမ်းအုပ်ပို့ခြင်းဖြင့်လည်း ဆွမ်းကိစ္စပြီးစေ ကြသည်။ ပုဂ္ဂိုလ်စွဲမရှိ။ စေတနာသန့်သန့် သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြရသော ထေရဝါဒဗုဒ္ဓဘာသာ သာသနာဝင်မြန်မာများ၏ "စာရေးတံမဲ အလှူပွဲကြီး" ပါပေတည်း။

ယခုခေတ်တွင်မူ "ဝါခေါင်"လ၏ အထူးပြုရာသီပွဲ ဖြစ်သော "စာရေးတံမဲအလှူပွဲ"ကား တိမ်မြုပ် ပျောက်ကွယ်လုနီးပါးဖြစ်နေသည်။ သို့သော်လည်း ဝါခေါင် လပြည့်နေ့ "မေတ္တာအခါတော်နေ့"ကိုမူ ရဟန်းတော်များက အမှတ်တရ ကျင်းပနေပေသေးသည်။ ဤသည်မှာလည်း ဘုရားရှင် လက်ထက်တော်အခါကပင် ကမ္မဋ္ဌာန်းစီးဖြန်း လိုကြသော ရဟန်းတော်များကို အကြောင်းပြုကာ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

အကြောင်းကို အကျဉ်းမျှဆိုရသော် .. ဗုဒ္ဓမြတ်စွာ ဂေါတမဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့သည် ဝါဆိုဦး တစ်နေ့တွင် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရား တောင်းရန် အလို့ငှာ လာရောက်ကြ၏။ ဘုရားရှင်မှ ကိုယ်စီကိုယ်င ကမ္မဋ္ဌာန်းတရားများ ရရှိကြ၍ ဝါတွင်းဝါဆိုဝါကပ်ရန် သင့်တော်မည့်နေရာကို ရှာကြရာ ဆွမ်းခံရွာနှင့်လည်း မနီးမဝေး အရိပ်ဆာရာအာဝါသ ငြိမ်းချမ်းရှင်းသန့်သည့် ဟိမဝန္တာတောင်ခြေ တောအုပ်တစ်နေရာကို ရွေးချယ် လိုက်ကြသည်။

ယင်းတောအုပ်အတွင်း သစ်ပင်များအောက်၌ အသီးသီးနေရာယူ တရားအားထုတ်ကြသည်။ ဤသစ်ပင် ကိုအမှီပြု၍ ဘုံဗိမာန်တည်ဆောက်နေထိုင်ကြသော ရုက္ခစိုးနတ်များက ရဟန်းတော်များ၏ မြင့်မြတ်သော တန်ခိုးရှိန်စော်ကြောင့် မနေနိုင်အောင် ဖြစ်ကြရ၏။ ဤရဟန်းတော်များသည် တစ်နေ့တစ်ည တစ်ခဏမျှမဟုတ် ဝါတွင်းသုံးလပတ်လုံး နေထိုင်ကြမည်ကို သိရသောအခါ ရုက္ခစိုးနတ်များက ရဟန်းတော်များ မနေနိုင်အောင် အမျိုးမျိုး ခြောက်လှန့်နှောင့်ယှက်ကြ၏။ ကြောက်မက်ဖွယ် အသံ၊ ဆိုးရွားသည့် အနံ့အသက်များ၊ မသတီဖွယ် ရုပ်ဆင်း တို့ဖြင့် ဖန်တီးမောင်းနှင်ကြ၏။ ပုထုဇဉ်မျှသာ ဖြစ်ကြသည့် ရဟန်းသံဃာတော်များမှာ အာရုံပျက်ယွင်း၊ နှလုံးမသာ၊ သမာဓိမရ ဖြစ်ကြရကာ ကျန်းမာရေးပါ ယိုယွင်းလာကြ တော့သည်။

သို့ဖြင့် ကြိတ်မှိတ်သည်းခံ မနေနိုင်ကြတော့ဘဲ ဦးဆောင်မထေရ်ကြီးမှတစ်ဆင့် ဘုရားရှင်ထံ ဖြစ်ပျက်ပုံ အလုံးစုံကို လျှောက်ထားကြသည်။ ဘုရားရှင်မှာ ရဟန်း တော်များအတွက် ဤသို့သောတောအုပ်တွင်သာ ကောင်းမွန် သင့်လျော်ဆုံးဖြစ်၍ မူလတောအုပ်သို့သာ ပြန်လည် သွားရောက် နေထိုင်အားထုတ်ကြရန် တိုက်တွန်းကာ ဤသို့ဆို၏.. "ရဟန်းတို့ သင်တို့အတွက် တရားထူးရရန် ဤနေရာသည်သာ ကောင်းမွန်သင့်မြတ်ဆုံးဖြစ်၏။ သင်တို့ အား နှောင့်ယှက်ကြသော ရုက္ခစိုးနတ်တို့အား မေတ္တာ ကရုဏာဖြင့် ဤမေတ္တာသုတ် ပရိတ်တော်ကို နာယူမှတ်သား ကာ ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်လော့ ..."ဟု မိန့်မြွက်၍ မေတ္တာသုတ္တန်တရားတော်ကို ဟောကြားတော်မူ၏။

ရဟန်းတော် ငါးရာတို့သည်လည်း ဘုရားရှင်၏ စီစဉ်ညွှန်ပြမှုဖြင့် တောအုပ်သို့ပြန်လည်ရောက်ရှိကာ မေတ္တာ၊ ကရုဏာလွှမ်းသောနှလုံးဖြင့် မေတ္တာသုတ် ပရိတ်တော်ကို နိစ္စဓူဝရွတ်ဖတ်သရဇ္ဈာယ်ကြ၊ ကမ္မဋ္ဌာန်း စီးဖြန်းကြသည်။ ထို့ကြောင့် ရုက္ခစိုးနတ်တို့မှာ ရဟန်း တော်တို့အား မေတ္တာသက်ဝင် ခင်မင်ရင်းနှီးစွာ ဆက်ဆံ လာရုံမျှမက အကူအညီများပင် ပေးလာကြသဖြင့် နှလုံး ချမ်းသာစွာ တရားဓမ္မများ ကျင့်ကြံအားထုတ်နိုင်သည် ဖြစ်ရာ ဝါလကုန်ဆုံးသည်နှင့် ရဟန်းတော်များ အာသဝေါ တရား ကင်းစင်ကြကာ ရဟန္တာများဖြစ်ကြရလေသည်။

မေတ္တာသုတ်တော်ကို ဘုရားရှင်က ရဟန်းငါးရာ တို့အား ဟောကြားတော်မူသည့် ဝါခေါင်လပြည့်နေ့ ဝန်းကျင်ကိုပင် ရည်ကာ "ဝါခေါင်လပြည့် မေတ္တာအခါ တော်နေ့"ဟူ၍ အမှတ်သညာ ပြုခဲ့ကြလေသည်မှာ ယနေ့တိုင် ဖြစ်လေသည်။

မေတ္တာသုတ်တရားတော်ဟူသည်ကား အခြား

> ❖ **ပရိတ်ကြီး ၁၁ သုတ်တွင် မင်္ဂလသုတ်၊ ရတနသုတ်ပြီးလျှင် တတိယမြောက်သုတ်မှာ "မေတ္တာသုတ်" ပင် ဖြစ်သည်။ ပရိတ်တော် ရွတ်ဖတ်ရခြင်း အကျိုးသွားလက်ာတွင် မေတ္တာသုတ်ရွတ်ဖတ်ခြင်း ဖြင့်.. "ဒေဝါနတ်များ၊ ချစ်ခင် ပွား၍၊ ဆိုးဝါးအိပ်မက်၊ မမြင်မက်ဘဲ၊ အိပ်စက်နိုးထ၊ ချမ်းသာရလျက်၊ ရန်စရန်ငြောင့်၊ ပြန်ပျောက်လိုက၊ ရွတ်ကြအဟုတ်၊ ခုနစ်အုပ်တည်း။"ဟူ၍ အကျိုးရသည်ကို အကျဉ်းမျှဖော်ပြထား**

မဟုတ် မိမိတို့ ဗုဒ္ဓဘာသာဝင် မြန်မာများ နေ့စဉ်နှင့်အမျှ ပါဠိကထာဖြင့် ဘုရားရှိခိုးလေတိုင်း ရွတ်ဆိုသရဇ္ဈာယ် နေကြသော သုတ္တန်တရားတော်ပင် ဖြစ်သည်။ ပရိတ်ကြီး ၁၁ သုတ်တွင် မင်္ဂလသုတ်၊ ရတနသုတ်ပြီးလျှင် တတိယမြောက်သုတ်မှာ "မေတ္တာသုတ်"ပင် ဖြစ်သည်။ ပရိတ်တော်ရွတ်ဖတ်ရခြင်း အကျိုးသွားလက်ာတွင် မေတ္တာသုတ်ရွတ်ဖတ်ခြင်းဖြင့်.. "ဒေဝါနတ်များ၊ ချစ်ခင် ပွား၍၊ ဆိုးဝါးအိပ်မက်၊ မမြင်မက်ဘဲ၊ အိပ်စက်နိုးထ၊ ချမ်းသာရလျက်၊ ရန်စရန်ငြောင့်၊ ပြန်ပျောက်လိုက၊ ရွတ်ကြအဟုတ်၊ ခုနစ်အုပ်တည်း။"ဟူ၍ အကျိုးရသည်ကို အကျဉ်းမျှဖော်ပြထားသည်။

မြန်မာစကားဝေါဟာရဖြင့် မေတ္တာသုတ်၏ဆိုလိုရင်း အဓိပ္ပာယ်ကို သိသူ၊ သတိပြုမိသူ နည်းပါးနိုင်ပါသည်။ နားလည်သဘောပေါက် သိမြင်ထားလျှင် ကမ္မဋ္ဌာန်း တရားအားထုတ်ရာ၌ ပို၍လွယ်ကူအောင်မြင်နိုင်ပါသည်။ ငြိမ်းအေးသောနိဗ္ဗာန်သို့ ဆိုက်ရောက်လိုသော အကျိုး စီးပွားဖြစ်ခြင်း၌ ကျွမ်းကျင်လိမ္မာသော သူသည် ဤမေတ္တာသုတ်လာ နည်းမှန်၊ လမ်းမှန်၊ အကျင့်မှန်တို့ကို လက်တွေ့ကျင့်ကြံအားထုတ်သင့်ကြောင်း ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒက တရားစဉ်တစ်ပုဒ်တွင် ညွှန်းဆို ထားသည်။

ဤသို့လျှင် တစ်ဦးတည်းသောသား၏မိခင်သည် သားငယ်အပေါ်ထားသည့်မေတ္တာဖြင့် စောင့်ရှောက်သကဲ့ သို့ များလှစွာသော သတ္တဝါဝေနေယျတို့အပေါ်၌ ကြီးမြတ် သော ဖြူစင်စိတ်ထား မေတ္တာတရားပွားများကြရာ၏။ ယင်းသို့သော မေတ္တာတရားသည်သာလျှင် နှလုံးအငြိမ်း တရားကို ဆောင်ယူနိုင်မည်လည်းဖြစ်သည်။ မိမိတို့သည် မဖောက်မပြန် တကယ်မှန်သော ရုပ်နာမ်အစုဖြစ်သည့် ခန္ဓာကို မသိမနေ ကြိုးစားရမည်ဖြစ်၏။ ကြိုးစား၍ တကယ်အမှန်အတိုင်း သိလာသည်နှင့်တစ်ပြိုင်နက် အတိုင်း မသိသောချမ်းသာကို တကယ်ကိုယ်တွေ့ မျက်မှောက်ပြုရ၏။ ယင်းသို့သော ချမ်းသာကို နိဗ္ဗာန် ချမ်းသာဟူ၍လည်းကောင်း၊ သန္တိသုခဟူ၍လည်းကောင်း မည်ပါ၏။

သို့ဖြစ်၍လည်း ဗုဒ္ဓဘုရားရှင်၏ မဇ္ဈိမဝစနမည်သော ပရိနိဗ္ဗာန် စံဝင်လုဆဲဆဲ နောက်ဆုံးမြွက်ကြားသော "သင်တို့ကို ငါဘုရား နောက်ဆုံးစကားမှာကြားခဲ့မည်။ သင်္ခါရ ဓမ္မမှန်သမျှ ပျက်စီးခြင်း သဘောရှိကုန်၏။ သင်တို့သည် ယင်းသို့သော ရုပ်နာမ် ဓမ္မသင်္ခါရတို့အပေါ်၌ အနိစ္စဟူ၍ မပြတ်သောသတိဖြင့် ဒုက္ခဟူ၍ ရှုခြင်း အပ္ပမာဒတရားပြည့်စုံ ကြကုန်လော့.."ဟူ၍ အရေး တကြီးမိန့်မှာခဲ့ခြင်း ဖြစ်သည်။ မိမိတို့၏ ရုပ်နာမ်အစုကို မပြတ်သောသတိဖြင့် ရှုနေရမည် ဖြစ်ရာ ကိလေသာ ရေစုံရေဆန် ကူးခတ်နေကြသော မိမိတို့ ပုထုဇဉ်များကို အစဉ်သတိပေး တပ်လှန့်လျက်ရှိသည်။

မိမိတို့ မြန်မာများ၏ ၁၂ လ ရာသီပွဲတော်များသည် ဘာသာရေးနှင့် နီးနွှယ်နေသော ပွဲများဖြစ်ပေရာ အချို့ သော ပွဲတော်များသည် ဘုရားရှင်အား ဦးထိပ်ထား၍ လည်းကောင်း၊ အချို့သောပွဲတို့မှာ တရားဒေသနာမြတ် တို့အား ဦးထိပ်ထား၍လည်းကောင်း၊ အချို့သောပွဲတို့ သည်ကား ရဟန်းသံဃာတို့အား ဦးထိပ်ထား၍ လည်းကောင်း အဓိကထား ဦးတည်ဆောင်ရွက်ရသော ပွဲတော်များဖြစ်ကြ သည်။ သို့ဖြင့် မြန်မာနိုင်ငံတိုင်းရင်း သား လူမျိုးများတို့သည် ကိုယ့်ပြည်ကိုယ့်မြေ ရာသီဥတု အခြေအနေအလိုက် ပြုကြရသော ကောင်းမှုကုသိုလ် များမှာ လောကီလောကုတ်အကျိုးငှာ ပါဝင်ဆင်နွှဲ သင့်သော ကောင်းမြတ်သည့် ဓလေ့ထုံးစံများဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မည်သို့သော နိုင်ငံများတွင်မှ မိမိတို့ မြန်မာနိုင်ငံလောက် ရိုးရာယဉ်ကျေးမှု ပွဲလမ်းသဘင်များ ရှိကြမည်မထင်ပါ။ ဆယ့်နှစ်ရာသီပတ်လုံး အစဉ်အလာ မပျက် လစဉ်ရိုးရာယဉ်ကျေးမှု ရာသီပွဲတော်များ တစ်ခု မဟုတ်တစ်ခု ရှိနေ၊ ကျင်းပနေခဲ့သည်မှာ ရှေးပဝေသဏီ ကပင်ဟု ဆိုရပါမည်။ ကိုလိုနီခေတ်ဦးက မြန်မာနိုင်ငံ သို့ရောက်ရှိလာသော နိုင်ငံခြားသားများသည် မြန်မာ တို့၏ များပြားလှသော ရိုးရာယဉ်ကျေးမှု ပွဲတော်များကို တွေ့မြင် ကြုံကြိုက်ကြရသောအခါ တအံ့တသြဖြစ်ခဲ့ ကြသည်။ ထိုအခါ ကိုလိုနီအစိုးရလက်ထက် ရောက်လာ သောအခါ အချို့သောပွဲလမ်းသဘင်များ ပါးလျား ပျောက်ကွယ်ခဲ့ကြရသည်။

ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်နိုင်ငံ ကိုယ့်မြေ ကိုယ့်လက်များ ဖြစ်လာရသောအခါမှ အစဉ်အလာ မြန်မာ့ရိုးရာ ဓလေ့ထုံးစံများအတိုင်း ပြန်လည်ကျင်းပ လာခဲ့ကြရာ ယနေ့တိုင်မပျောက်ပျက်အောင် ဆက်လက် ထိန်းသိမ်းကြရမည် ဖြစ်ပါသည်။ ။

**ကိုးကား** - မြန်မာ့ဆယ့်နှစ်လ၏အဓိပ္ပာယ် သတိုးသောင်း။
- မြတ်ဗုဒ္ဓပါဝစနအဘိဓာန် ဦးမြတ်ကျော်(မြန်မာစာအဖွဲ့)။

> ❖ **ဝါခေါင်ဟူသောအဓိပ္ပာယ်သည် ရဟန်းသံဃာတို့၏ ကျောင်းအာရာမ် တွင်း၌နေရသော မိုးတွင်းသုံးလ(ဝါတွင်းကာလ)၏ အလယ်လ၊ ဝါလယ်လပင်ဖြစ်။**
>
> ❖ **မေတ္တာသုတ်တော်ကို ဘုရားရှင်က ရဟန်းငါးရာတို့အား ဟောကြား တော်မူသည့် ဝါခေါင်လပြည့်နေ့ ဝန်းကျင်ကိုပင် ရည်ကာ "ဝါခေါင် လပြည့် မေတ္တာအခါတော်နေ့"ဟူ၍ အမှတ်သညာ ပြုခဲ့ကြလေ သည်မှာ ယနေ့တိုင်ဖြစ်။**

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

**အပိုင်း ၇**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၅။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၇။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

**အပိုင်း ၈**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

၃၈။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ဖော်ပြရမည်။

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၇) နှင့် (၁၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသောရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

၄၁။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကိုင်ဆောင်ထားသော အစိုးရငွေချေး သက်သေခံလက်မှတ်များကို ရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသော အသားတင်အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**(ပူးတွဲဇယားများ ဆက်လက်ဖော်ပြပါမည်)**

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

၂၀။ ပုဒ်မ ၁၉ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၁။ မွေးမြူသူသည်-

(က) ခွင့်ပြုလက်မှတ်ရရှိသူဖြစ်ပါက ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိမွေးမြူထားသည့် တိရစ္ဆာန်တွင် ကူးစက်ရောဂါကျရောက်သည့်အခါ ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ အမြန်ဆုံးအသိပေး အကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အကြောင်းကြားပြီးနောက် ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည်။

(င) မွေးမြူရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်တို့နှင့်အညီ မွေးမြူထုတ်လုပ်ရမည်။

(စ) တိရစ္ဆာန် သို့မဟုတ် တိရစ္ဆာန်ထွက်ပစ္စည်းများကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းတို့ကို ဦးစီးဌာနက သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) မွေးမြူထားသည့် တိရစ္ဆာန်များကို အသားထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) မွေးမြူရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၂၂။ ဦးစီးဌာနသည် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက မွေးမြူထားသောတိရစ္ဆာန်များ ကူးစက်ရောဂါဖြစ်ပွား၍ ဖျက်ဆီးခံရခြင်းကြောင့် ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုများအတွက် နစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန် သက်ဆိုင်ရာသို့ လျှောက်ထားရာတွင် သဘောထားမှတ်ချက်ပေးနိုင်သည်။

**အခန်း (၁၀)**

**ပြည်တွင်း၌ ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း**

၂၃။ ငါးလုပ်ငန်းနှင့်သက်ဆိုင်ခြင်းမရှိသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်းတို့ကို ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံး ဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ စီးပွားဖြစ်လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၄။ ပုဒ်မ ၂၃ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၅။ ပုဒ်မ ၂၄ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

**အခန်း(၁၁)**

**ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း**

၂၆။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း ပြုလုပ်လိုသူသည် တင်ပို့ခွင့်၊ တင်သွင်းခွင့်လိုင်စင် သို့မဟုတ် ပါမစ်ကို သက်ဆိုင်ရာအစိုးရဌာနသို့ လျှောက်ထားခြင်းမပြုမီ ထောက်ခံချက်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၆ ပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ညီညွတ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ထောက်ခံချက်လက်မှတ်ကို ထုတ်ပေးရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# လက်ဘနွန်နိုင်ငံ၌ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် ပြင်သစ်သမ္မတ မက်ခရွန်တောင်းဆို



**ဘေရွတ် စက်တင်ဘာ ၁**

လက်ဘနွန်နိုင်ငံ၌ ဝန်ကြီးချုပ်သစ် ခန့်အပ်ခဲ့ပြီးနောက် အစိုးရသစ်တစ်ရပ် အလျင်အမြန်ဖွဲ့စည်းရန် ပြင်သစ်သမ္မတ မက်ခရွန်က တောင်းဆိုလိုက်ကြောင်း သိရသည်။

လက်ရှိတွင် ဂျာမနီနိုင်ငံဆိုင်ရာ လက်ဘနွန်နိုင်ငံ၏ သံအမတ်ဟောင်းဖြစ်သည့် မူစတာဖာအက်ဒစ်ဘ်က ပါလီမန်အမတ်အများစု၏ ထောက်ခံမှုနှင့်အတူ အစိုးရသစ်ဖွဲ့စည်းရေးလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ အစိုးရသစ်ဖွဲ့စည်းရေးဆိုင်ရာ သဘောတူညီမှုရရှိရေးတွင် မက်ခရွန်၏ ကြားဝင်ဆောင်ရွက်ပေးမှုသည် အရေးကြီးပါကြောင်းလည်း လက်ဘနွန်ထိပ်တန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံ၏ အစိုးရအဖွဲ့သည် ဩဂုတ် ၄ ရက်က နိုင်ငံ၏မြို့တော် ဘေရွတ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။ ဘေရွတ်မြို့ဆိပ်ကမ်း၌ ဘေးကင်းလုံခြုံမှုမရှိဘဲ သိုလှောင်ထားသည့် အမိုနီယမ်နိုက်ထရိတ်တန် ၂၇၅၀ ပြင်းထန်စွာပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ယင်းပေါက်ကွဲမှုကြောင့် အနည်းဆုံးလူဦးရေ ၁၉၀ သေဆုံးခဲ့ကြောင်း သိရသည်။

ပြင်သစ်သမ္မတမက်ခရွန်သည် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လက်ဘနွန်နိုင်ငံသို့ ဩဂုတ် ၃၁ ရက်ညပိုင်းတွင် ဒုတိယအကြိမ်သွားရောက်ခဲ့ပြီး လက်ဘနွန်နိုင်ငံသို့ ရောက်ရှိစဉ် အစိုးရသစ်ကို တတ်နိုင်သမျှမြန်မြန် ဖွဲ့စည်းသင့်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**ကိုးကား–ဘီဘီစီ၊ ဘာသာပြန်–အလင်းသစ်**

# အိန္ဒိယသမ္မတ၊ ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်တို့ ကွယ်လွန်သူသမ္မတဟောင်း မူခါဂျီအား ဂါရဝပြု



**နယူးဒေလီ စက်တင်ဘာ ၁**

အိန္ဒိယသမ္မတ ရမ်နတ်သ်ကိုဗင့်၊ ဒုတိယသမ္မတ အမ်ဗင်ကိုင်ယာနိုင်ဒူ၊ ဝန်ကြီးချုပ် နရန်ဒရာမိုဒီနှင့် ကာကွယ်ရေးဦးစီးချုပ်များသည် အိန္ဒိယသမ္မတဟောင်း ပရာနတ်ဘ်မူခါဂျီကို ယနေ့အစောပိုင်းက သွားရောက်ဂါရဝပြုခဲ့ကြကြောင်း သိရသည်။

မူခါဂျီသည် ဆေးဝါးကုသမှုခံယူလျက်ရှိရာ နယူးဒေလီမြို့ရှိ တပ်မတော်ဆေးရုံတစ်ရုံ၌ ယမန်နေ့ညက သေဆုံးခဲ့ခြင်းဖြစ်ပြီး မူခါဂျီ၏ရုပ်ကလာပ်ကို အဆိုပါဆေးရုံမှ ၎င်း၏နေအိမ်သို့ ယနေ့အစောပိုင်းက သယ်ဆောင်လာခဲ့ကြောင်း သိရသည်။

**တက်ရောက်ခဲ့**

ကာကွယ်ရေးဝန်ကြီး ရာ့ဂျ်နတ်ဆင်း၊ အောက်လွှတ်တော်ဥက္ကဋ္ဌ အော်မ်ဘာလာ၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဘီပင်ရာဝတ်၊ တပ်မတော်(ကြည်း) အကြီးအကဲ ဗိုလ်ချုပ်ကြီး အမ်အမ်နာရာဗိန်း၊ လေတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး၊ လေတပ်ဗိုလ်မှူးချုပ် အာရ်ကေအက်စ်ဘာဒူရီယာနှင့် ရေတပ်အကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး ကာရမ်ဘီဆင်းတို့လည်း အဆိုပါ ဂါရဝပြုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် သမ္မတဟောင်း မူခါဂျီအားလေးစားသည့် အထိမ်းအမှတ်အနေဖြင့် ခုနစ်ရက်ကြာ ဝမ်းနည်းကြေကွဲပွဲပြုလုပ်ရန် ယနေ့ ကြေညာထားသည်။

**ဂုဏ်သရေရှိ နိုင်ငံရေးသမား**

အိန္ဒိယနိုင်ငံ ဂုဏ်သရေရှိနိုင်ငံရေးသမားများအနက် တစ်ဦးအပါအဝင်ဖြစ်သော အသက် ၈၄ နှစ်အရွယ် သမ္မတဟောင်း မူခါဂျီသည် ၎င်းခံစားခဲ့ရသည့် ရောဂါအမျိုးမျိုးကြောင့် ဆေးရုံ၌ ၂၁ ရက်ကြာ ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ကွယ်လွန်သွားကြောင်း သိရသည်။

**ကိုးကား – ပီတီအိုင်**

**ဘာသာပြန် – ဂျေတီ**

# အာဖဂန်နစ္စတန်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၉၀ ရှိလာ

**ကဘူးလ် စက်တင်ဘာ ၁**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ဘက်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပွားသည့် ရေကြီးရေလျှံမှုများတွင် ဩဂုတ် ၂၅ ရက်မှစ၍ ယနေ့အထိ ၁၉၀ သေဆုံးပြီး ၁၇၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ယနေ့ပြောကြားသည်။

ထို့အပြင် ရေကြီးရေလျှံမှုကြောင့် နိုင်ငံ၏အရှေ့ဘက်ပြည်နယ် ၃၄ ခုတွင် ပျက်စီးဆုံးရှုံးမှု အကြီးအကျယ်ဖြစ်ပွားခဲ့ပြီး ၁၀၅၅ လုံး ထိခိုက်ပျက်စီးခဲ့ကာ ကျန်လူနေအိမ် ၂၉၆၀ ကိုလည်း အနည်းငယ်ထိခိုက်သွားကြောင်း သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာဝန်ကြီး ဂူလမ်ဘာဟုဒင် ဂျေလာနီးက သတင်းထောက်များအား ပြောကြားသည်။

ရေကြီးရေလျှံမှု အဆိုးရွားဆုံးထိခိုက်သွားသည့် ပါဝန်ပြည်နယ်၌ ၁၂ ဦးနှင့် ၁၅ ဦးအကြား ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ထို့အပြင် နိုင်ငံ၏အရှေ့ဘက်ပြည်နယ်နှင့် ဒေသပေါင်း ၁၄ ခုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စိုက်ပျိုးမြေများ၊ သီးနှံများနှင့် လမ်းတံတားအများအပြား ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

ဝန်ကြီးဌာနသည် ပြည်တွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**





# ဘရာဇီးနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၀၀၀၀ ကျော်အထိ ရှိလာ

**ဆော်ပေါလို စက်တင်ဘာ ၁**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ၅၅၃ ဦးသေဆုံးခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းသေဆုံးသူ တစ်သိန်းနှစ်သောင်းကျော်အထိ ရှိလာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်တစ်ရက်တာအတွင်း ဘရာဇီးနိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၄၅၉၆၁ ဦး ရှိခဲ့ခြင်းကြောင့် စုစုပေါင်းကူးစက်ခံရသူ ၃၉၀၈၂၇၂ ဦး အထိရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းပြည်နယ် ဆော်ပေါလိုသည် နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကူးစက်သေဆုံးမှုအများဆုံးဖြစ်သည်။ ဆော်ပေါလို၌ ယနေ့အထိ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ သုံးသောင်းအထိရှိလာခဲ့ပြီး ယင်းအရေအတွက်သည် စပိန်နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုကိုပင် ကျော်လွန်သွားခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါကူးစက်သေဆုံးမှု အများဆုံးနိုင်ငံများစာရင်းတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# ဩစတြေးလျနိုင်ငံမှ သတင်းရေးသားချက်များအား ပိတ်ပင်မည်ဟု ဖေ့စ်ဘွတ်ပြောကြား

**ဆစ်ဒနီ စက်တင်ဘာ ၁**
ဩစတြေးလျအစိုးရအနေဖြင့် အွန်လိုင်းဆိုရှယ်မီဒီယာလုပ်ငန်းများအား အွန်လိုင်းရှိ သတင်းဖော်ပြချက်အတွက် အခွန်ကောက်ခံရန် ဆောင်ရွက်ပါက ဩစတြေးလျနိုင်ငံရှိ မီဒီယာအဖွဲ့အစည်းများနှင့် ဖေ့စ်ဘွတ်အသုံးပြုသူများကို တားဆီးသွားမည်ဟု ဖေ့စ်ဘွတ်က သတိပေးပြောကြားခဲ့သည်။

ဩစတြေးလျလူမျိုးများ၏ ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ်တို့အပေါ်တွင် ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းရေးသားဖော်ပြခြင်းများအား ပိတ်ပင်သွားမည်ဟု ဖေ့စ်ဘွတ်က ပြောကြားခဲ့ပြီး ယခုကဲ့သို့ ဆောင်ရွက်ရန်အတွက် မိမိတို့ရွေးချယ်ခြင်းမဟုတ်ဘဲ အကျိုးအကြောင်း မဆီလျော်သော ရလဒ်များရရှိခြင်းမှ တားဆီးရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန် ဒစ်ဂျစ်တယ်မီဒီယာများ၏ အရှိန်အဝါကို လျှော့ချရန်အတွက် ဩစတြေးလျအစိုးရအနေဖြင့် ဥပဒေအသစ်ရေးဆွဲပြီး အွန်လိုင်းတွင် သတင်းရေးသားဖော်ပြချက်များအတွက် ဩစတြေးလျ ဒေသခံမီဒီယာများအား အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ဖေ့စ်ဘွတ်နှင့် ဂူဂဲလ်တို့က ပေးဆောင်ရန် ဆောင်ရွက်ခဲ့သည်။

ဩစတြေးလျအစိုးရ၏ အွန်လိုင်းမီဒီယာများအား အခွန်ကောက်ခံရန် ဆောင်ရွက်ခဲ့ခြင်းသည် ဆိုရှယ်မီဒီယာ စာမျက်နှာများတွင် သတင်းရေးသားတင်ဆက်သော သတင်းအဖွဲ့အစည်းများအား ဖေ့စ်ဘွတ်အနေဖြင့် အခကြေးငွေ ပေးဆောင်ရမည့်အခြေအနေသို့ ရောက်ရှိစေကြောင်း ဖေ့စ်ဘွတ်၏ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ဝီလအက်စတန်က ပြောကြားသည်။ အခွန်ကောက်ခံရန် ဥပဒေကြမ်းရေးဆွဲရာတွင် ဩစတြေးလျ စားသုံးသူရေးရာ ကော်မရှင်အနေဖြင့် အရေးကြီးသော အချက်များကို လျစ်လျူရှုခဲ့သည်ဟု ၎င်းက ပြောကြားသည်။ ဖေ့စ်ဘွတ်အနေဖြင့် သတင်းရေးသား ဖြန့်ချိသူများထံမှ အကျိုးအမြတ်များစွာရရှိခဲ့သည်ဟု ကော်မရှင်မှ ယူဆခဲ့သော်လည်း ယူဆချက်မှာ ပြောင်းပြန်အခြေအနေဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အက်စတန်က ဖေ့စ်ဘွတ်အနေဖြင့် ဩစတြေးလျသတင်း ဝက်ဘ်ဆိုက်များအား ၂၀၂၀ ပြည့်နှစ် ပထမငါးလအတွင်း သတင်းအပုဒ်ပေါင်း ၂ ဒသမ ၃ ဘီလီယံပေးပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ဩစတြေးလျဒေါ်လာ သန်း ၂၀၀ ခန့် တန်ကြေးရှိကြောင်း သိရသည်။ ဆိုရှယ်မီဒီယာများအား အခကြေးငွေ ပေးဆောင်ရန် ဥပဒေပြဋ္ဌာန်းခြင်းသည် ဆိုရှယ်မီဒီယာများဖြစ်သော ဖေ့စ်ဘွတ်နှင့် ဂူဂဲလ်တို့ကို ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ယခုအခါ မည်သည့်




မီဒီယာကိုမဆို အခကြေးငွေ ပေးဆောင်ရန် ဩစတြေးလျက ဆောင်ရွက်မည်ဟု လေ့လာသူများက ပြောကြားသည်။ ယခုကဲ့သို့ ဆိုရှယ်မီဒီယာများအား အခကြေးငွေပေးဆောင်စေသည့်အစီအစဉ်ကို ဒေသခံမီဒီယာများက ထောက်ခံကြောင်း သိရသည်။

ကိုးကား- ဘန်ကောက်ပို့စ်
ဘာသာပြန်-စိုးသူရ

# နီပေါနိုင်ငံက နိုင်ငံတကာလေကြောင်းခရီးစဉ်များကို အကန့်အသတ်ဖြင့် ပြန်လည်ပြေးဆွဲခွင့်ပြု

**ခတ္တမန္ဒူ စက်တင်ဘာ ၁**
နီပေါနိုင်ငံက နိုင်ငံသားများ၊ သံတမန်များနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များအတွက် ငါးလကျော်ကြာ ပိတ်ထားခဲ့သည့် နိုင်ငံတကာ လေကြောင်းခရီးစဉ်များကို ယနေ့ပြန်လည်စတင်လိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

သို့သော်ကမ္ဘာလှည့်ခရီးသွားများကို နီပေါနိုင်ငံသို့ ဝင်ရောက်ခွင့်မပြုဟု ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရာဂျန်ပိုဒယ်လ်က ပြောကြားခဲ့သည်။ နီပေါအစိုးရက တစ်ရက်လျှင် လူ ၅၀၀ သာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။ နီပေါနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိလာသူများက ၇၂ နာရီအတွင်း ပြုလုပ်ထားသည့် ဗိုင်းရပ်စ်ပိုးကင်းရှင်းကြောင်း ထောက်ခံချက် ပေးရမည်ဖြစ်သည်။

"နီပေါနိုင်ငံကိုရောက်လာရင်နှစ်ပတ်ကြာ မဖြစ်မနေ နေအိမ်မှာ သီးခြားခွဲနေရမှာဖြစ်ပါတယ်။ ဗိုင်းရပ်စ်ပိုး ကင်းရှင်းကြောင်း ထောက်ခံချက်မပြနိုင်တဲ့ ခရီးသည်တစ်ဦး ခေါ်ဆောင်လာပါက ယင်းလေကြောင်းလိုင်းက ခရီးသည်ကို ဟိုတယ်မှာ သီးခြားခွဲစောင့်ကြည့်ပြီး ကုန်ကျစရိတ်အားလုံး ကျခံရမှာဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

နီပေါနိုင်ငံက မတ် ၂၂ ရက်တွင် နိုင်ငံတကာ လေကြောင်းခရီးစဉ်များအားလုံး ရပ်ဆိုင်းခဲ့ပြီး စင်းလုံးငှားခရီးစဉ်များသာ ပြေးဆွဲခွင့်ပြုခဲ့သည်။ နီပေါနိုင်ငံ၌ နေ့စဉ် ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် မြင့်တက်နေခြင်းကြောင့် ပြည်တွင်းလေကြောင်းခရီးစဉ်များကို ဆိုင်းငံ့ထားပြီး ခတ္တမန္ဒူမြို့တော်နှင့် မြို့များစွာ၌ သွားလာမှုကန့်သတ်ချက် ပြုလုပ်ထားသည်။ ယနေ့နံနက်ပိုင်းအထိ နီပေါနိုင်ငံ၌ အတည်ပြု ဗိုင်းရပ်စ်ကူးစက်လူနာ ၃၉၄၆၀ နှင့် သေဆုံးသူ ၂၂၈ ဦး ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်က အရှေ့အလယ်ပိုင်းဒေသ၊ မလေးရှားနဲ့ တောင်ကိုရီးယားနိုင်ငံမှာ သောင်တင်နေတဲ့ နီပေါနိုင်ငံသားတွေအတွက်ဖြစ်ပြီး ပထမဆုံးလေကြောင်းခရီးစဉ်တွေ ဒီနေ့နှောင်းပိုင်းရောက်မယ်လို့ မျှော်လင့်ရပါတယ်" ဟု ပိုဒယ်လ်က ပြောသည်။

ကိုးကား-ကျိုဒိုနယူးစ်
ဘာသာပြန်-ကျော်ထိုက်စိုး



# ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် အိန္ဒိယနိုင်ငံသို့ ကန်ဒေါ်လာ ၄၇၂ သန်း ဂျပန်နိုင်ငံ ပံ့ပိုးကူညီမည်

**တိုကျို စက်တင်ဘာ ၁**
ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါထိန်းချုပ်ရန် ရုန်းကန်နေရသော အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၇၂ သန်းနှင့်ညီမျှသည့် ချေးငွေ ယန်း ၅၀ ဘီလီယံ ကူညီမည်ဟု ဂျပန်အစိုးရက ယနေ့ ကတိပြုလိုက်သည်။

ဗိုင်းရပ်စ်ကူးစက်ခံထားရသော လူနာများအား ကုသပေးနေသည့် ဆေးရုံများ၌ အထူးကုသဆောင်များ၊ အခြားပစ္စည်းများတပ်ဆင်ရန် ချေးငွေများ ထောက်ပံ့ခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိအချိန်တွင် ဗိုင်းရပ်စ်ကူးစက်လူနာ ၃ ဒသမ ၆၂ သန်းရှိရာ ကမ္ဘာပေါ်တွင် ကူးစက်လူနာ တတိယအများဆုံးနိုင်ငံ ဖြစ်သည်။ ချေးငွေအကူအညီကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်း ကျေးရွာများစွာ၌ နည်းပညာအသုံးပြု၍ ဆေးကုသပေးမှု မြှင့်တင်ပေးမည်ဟု မျှော်မှန်းရသည်။ ထို့ပြင် ကိုရိုနာဗိုင်းရပ်စ် လူနာများအတွက် အောက်ဆီဂျင်ထုတ်စက်များ ထောက်ပံ့ပေးရန် အိန္ဒိယနိုင်ငံသို့ ယန်း တစ်ဘီလီယံ အကူအညီပေးမည်ဟု ဂျပန်နိုင်ငံက ကတိပြုခဲ့သည်။

အိန္ဒိယနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး ဆာတိုရှီဆူဇူကီးနှင့် အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးရာဦးစီးဌာန အတွင်းဝန် စီအက်စ် မိုဟာပါထရာတို့က ချေးငွေများနှင့်ထောက်ပံ့ကြေး ပေးအပ်ရေးဆိုင်ရာ သဘောတူညီချက်များ လဲလှယ်ခဲ့ကြသည်။

ကိုးကား-ကျိုဒိုနယူးစ်၊ ဘာသာပြန်-ကျော်ထိုက်စိုး

# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၈၂ ဦး တွေ့ရှိ၊ ၁၀၁ ဦး သေဆုံး

**တီဟီရန် စက်တင်ဘာ ၁**
အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၀၁ ဦး သေဆုံးခဲ့ပြီးနောက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၆၇၂ ဦး ရှိလာကြောင်း၊ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၈၂ ဦး စမ်းသပ်တွေ့ရှိခဲ့ရာ လက်ရှိအချိန်တွင် ရောဂါကူးစက်ခံရသူပေါင်း ၃၇၆၈၉၄ ဦး ရှိလာကြောင်း အီရန်အစိုးရက ယနေ့ အတည်ပြုပြောကြားသည်။

**ထည့်သွင်းပြောကြား**

တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၈၂ ဦးအနက် ၇၈၆ ဦးသာ ဆေးရုံတင်ခြင်းခံရကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး စီမာဆာဒတ်လာရီက ယနေ့ ပြုလုပ်သော ရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့သော် အီရန်နိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံးအနက် ၃၂၅၁၂၄ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားပြီး လောလောဆယ် လူနာ ၃၇၀၉ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ အနီးကပ် စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အီရန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာသည့်အတွက် နိုင်ငံတစ်ဝန်း၌ ယနေ့အထိ လူဦးရေ ၃၂၅၆၁၂၂ ဦးတို့၏ နမူနာကို စစ်ဆေးခဲ့ကြောင်း သိရသည်။ အီရန်နိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၁၃ ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အရှိန်မြင့်မားလျက်ရှိသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အနီရောင်အဆင့် သတိပေးချက် အသက်ဝင်နေဆဲဖြစ်ပြီး ကျန် ၁၅ ပြည်နယ်တွင် သာမန်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် စတင်တွေ့ရှိခဲ့ပြီး ယင်းရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ တရုတ်အစိုးရနှင့် အပြန်အလှန် အကူအညီပေးကြရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ | ၂၅၆၇၁၅၃၁ ဦး |
| သေဆုံးသူ | ၈၅၅၆၄၅ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၇၉၇၇၅၂၃ ဦး |

# ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် ဂျပန်တွင် လူ ၅၀၀၀၀ ကျော် အလုပ်အကိုင်ဆုံးရှုံးခဲ့

**တိုကျို စက်တင်ဘာ ၁**
ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများကြောင့် နိုင်ငံတွင်းရှိ လူပေါင်း ၅၀၀၀၀ ကျော်သည် အလုပ်လက်မဲ့ဖြစ်ရခြင်း သို့မဟုတ် အလုပ်လက်မဲ့ဖြစ်လုနီးပါး ဖြစ်ခဲ့ကြောင်း ဂျပန်အလုပ်သမားဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်မှုဖြစ်နေစဉ်အတွင်း ရောင်းအားများ ကျဆင်းနေမှုသည် ဂျပန်အလုပ်ရှင်များအား စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်စေခြင်းကြောင့် ၎င်းတို့အနေဖြင့် အလုပ်သမားများအား အလုပ်မှ ထုတ်ပယ်ခြင်း သို့မဟုတ် အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးရန် ငြင်းဆန်ခဲ့ခြင်းများကို ဂျပန်အလုပ်သမားဝန်ကြီးဌာနက စစ်ဆေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဩဂုတ် ၃၁ ရက်အတွင်း ဂျပန်နိုင်ငံတွင် လူပေါင်း ၅၀၃၂၆ ဦး အလုပ်လက်မဲ့ ဖြစ်ခဲ့ရသည်။

အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အမှန်တကယ်ကိန်းဂဏန်းများမှာ ယခုကောက်ယူရရှိသည့် အရေအတွက်ထက် ပိုမိုမြင့်မားမည်ဟု ဂျပန်အစိုးရ အလုပ်သမားဝန်ကြီးဌာနက ယုံကြည်ထားသည်။

ကိုရိုနာဗိုင်းရပ်စ်နှင့် ဆက်နွှယ်သည့် အလုပ်အကိုင် ဆုံးရှုံးခဲ့ရသူဦးရေသည် မေ ၂၂ ရက်တွင် ၁၀၀၀၀ အထိ မြင့်တက်ခဲ့ပြီး ဇူလိုင် ၁ ရက်တွင် ၃၀၀၀၀ ကျော်နှင့် ဇူလိုင် ၂၉ ရက်တွင် ၄၀၀၀၀ ကျော်သွားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ❖ အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ❖ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- ❖ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ❖ သာသနာ့ဝန်ထမ်း
- ❖ ထောင်ဒဏ်ကျခံနေရသူ
- ❖ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- ❖ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ❖ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- ❖ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

၆၇ ရက်သာ

လိုတော့သည်။

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ● ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ● ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ● ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။






## လဲချားမြို့နယ်၌ လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ကြေညာ

လဲချား စက်တင်ဘာ ၁

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်၌ လွှတ်တော်အသီးသီး၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို ယမန်နေ့မှစတင်ကာ အများပြည်သူများ သိရှိနိုင်စေရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးခွဲရှေ့ ကြော်ငြာသင်ပုန်းတွင် ကပ်ထားကြေညာခဲ့ကြောင်း သိရသည်။

လဲချားမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံမည့် ပါတီပေါင်း ခြောက်ပါတီမှ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်(၁)မှ ခြောက်ဦး၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်(၂)မှ ခြောက်ဦး၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှငါးဦး၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်မှ ခုနစ်ဦး စုစုပေါင်း ၂၄ ဦးသည် မဲဆန္ဒနယ်မြေအလိုက် လွှတ်တော်အသီးသီး၌ ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်အသီးသီး၏ အမည်စာရင်းများကို ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ကြေညာကပ်ထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လွှမ်းသူနောင်(ပြန်/ဆက်)**

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

(၃၀-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
(၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူနေသည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 788 | ၄၇ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ကန်တော်နဒီဆေးရုံကြီး၊ မန္တလေးမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (မန္တလေး ပြည်သူ့ဆေးရုံကြီး) |
| 789 | ၂၆ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံ၊ ပုလဲမြို့သစ်) |
| 790 | ၃၉ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း စံပြဆေးရုံကြီး) |
| 791 | ၃၃ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း စံပြဆေးရုံကြီး) |
| 792 | ၆၀ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း စံပြဆေးရုံကြီး) |
| 793 | ၄၉ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 794 | ၂၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 795 | ၂၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 796 | ၄၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 797 | ၂၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 578) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 798 | ၂၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 539) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 799 | ၂၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 444) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 800 | ၃၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 499) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 801 | ၁၃ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 499) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 802 | ၂၉ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 803 | ၃၁ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 804 | ၃၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 805 | ၂၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 806 | ၂၅ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 807 | ၅၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 808 | ၃၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 501) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 809 | ၂၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 551) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 810 | ၁၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 551) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 811 | ၁၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 551) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 812 | ၃၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 527) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 813 | ၅၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 579) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 814 | ၄၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 457) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 815 | ၂၀ နှစ် | ကျား | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြခင်းမြို့နယ်) |
| 816 | ၄၃ နှစ် | ကျား | တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 642) | မရှိ | ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ကုတ်မြို့) |
| 817 | ၁၄ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 818 | ၄၄ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 819 | ၃၉ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 820 | ၅၁ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 821 | ၆၇ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 822 | ၂၈ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 823 | ၂၉ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း စံပြဆေးရုံကြီး) |
| 824 | ၃၆ နှစ် | မ | တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 642) | မရှိ | ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ကုတ်မြို့) |
| 825 | ၃ လ | ကျား | တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 642) | မရှိ | ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ကုတ်မြို့) |
| 826 | ၂၉ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 650, 660) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 827 | ၃၀ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 650, 660) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 828 | ၃၂ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 604, 662) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 829 | ၂၅ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 604, 662) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 830 | ၂၈ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 604, 662) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 831 | ၂၅ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 832 | ၂၃ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 833 | ၅၀ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 834 | ၅၀ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 835 | ၇ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 836 | ၃၉ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 837 | ၂၉ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 838 | ၃၆ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 839 | ၄၇ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 840 | ၁၂ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 841 | ၁၈ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 842 | ၁၉ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 843 | ၃၀ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 844 | ၄၁ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 845 | ၂၆ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 846 | ၅၆ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 847 | ၁၂ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 848 | ၆၃ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 849 | ၃၁ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 850 | ၃၂ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 851 | ၁၁ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 852 | ၃၄ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 853 | ၃၃ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 854 | ၁၂ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 855 | ၅၆ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |

စာမျက်နှာ ၁၇ သို့ ❖

## ရခိုင်အတွက် ပြည်ထောင်စု၊ ပြည်ထောင်စုအတွက် ရခိုင်ဆိုသည့် စိတ်ဓာတ်နှင့်ကြည့်



**မိမိတို့ပြည်ထောင်စု ရေရှည်ရည်မှန်းချက်နှင့် သားသမီးအားလုံးအတွက် ရည်မှန်းချက်များကို မျက်ခြည်မပြတ်ရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဘာသာရေးနှင့် လူမျိုးရေး အကြောင်းပြုသည့် ပဋိပက္ခများရှိပါကြောင်း၊ အမုန်းတရားကို တူးဆွနေသူများ၊ မေတ္တာမပွားဘဲ တစ်ဦးနှင့်တစ်ဦးကြား ပဋိပက္ခဖြစ်ပွားအောင် လှုံ့ဆော်နေမှုများရှိပါကြောင်း၊ ယခု ရခိုင်ပြည်နယ်တွင် ကိုဗစ်ကို တိုက်ထုတ်ကြရာတွင် တစ်ဦးအပေါ်တစ်ဦး မည်သို့စေတနာထားသည်ကို ပြသရန်လိုအပ်ပါကြောင်း၊ ယခုအချိန်တွင် မည်သူက အမှန်တကယ်စေတနာရှိသည်ဆိုသည်မှာ ပေါ်လာမည်ဖြစ်ပါကြောင်း၊ ရခိုင်အတွက် ပြည်ထောင်စု၊ ပြည်ထောင်စုအတွက် ရခိုင်ဆိုသည့် စိတ်ဓာတ်နှင့်ကြည့်ရန် များစွာအရေးကြီးပါကြောင်း။**

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၃၇ ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၉၁၉ ဦးရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၃၇ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၉၁၉ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၃၇ ဦးမှာ ရုရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ ၃၆ ဦး ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၉၁၉ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၅၇ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၄၈ ဦးနှင့် ဩဂုတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၆၁ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၆ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 856 | ၆၃ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 701) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 857 | ၂၄ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 701) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 858 | ၁ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 701) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 859 | ၃၇ နှစ် | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး) |
| 860 | ၅၂ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 734) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး) |
| 861 | ၅၁ နှစ် | ကျား | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 862 | ၂၆ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 863 | ၁၉ နှစ် | မ | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 864 | ၃၂ နှစ် | မ | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| *865 | ၅၂ နှစ် | မ | ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-628) | မရှိ | ပြည်သူ့ဆေးရုံ၊ ရသေ့တောင်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရသေ့တောင်မြို့နယ်) |
| *866 | ၄၈ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 867 | ၂၇ နှစ် | ကျား | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-520) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 868 | ၂၇ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-521) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 869 | ၆၀ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-523) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 870 | ၃၇ နှစ် | ကျား | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-521) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 871 | ၃၃ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-522) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 872 | ၅ လ | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-523) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 873 | ၅၃ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-525) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 874 | ၂၀ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-525) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 875 | ၁၂ နှစ် | ကျား | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-525) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 876 | ၄၅ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-523) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 877 | ၂၂ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-521) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 878 | ၁၈ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-524) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 879 | ၁၅ နှစ် | ကျား | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-523) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 880 | ၁၂ နှစ် | ကျား | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-524) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| *881 | ၂၇ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 882 | ၄၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| *883 | ၃၅ နှစ် | ကျား | မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး မကွေးမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မကွေးမြို့နယ်) |
| 884 | ၅၃ နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထူးကုဆေးရုံကြီး) |
| 885 | ၅၀ နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထူးကုဆေးရုံကြီး) |
| *886 | ၃၂ နှစ် | ကျား | ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ပြည်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပန်းတောင်းမြို့နယ်) |
| 887 | ၂၇ နှစ် | ကျား | ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မရှိ | ရှိ (ရုရှားနိုင်ငံ) | အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၊ နေပြည်တော် | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပုဗ္ဗသီရိမြို့နယ်) |

*ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၇၄၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၀၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၈၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၄) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၀၆) ခု၊
- စုစုပေါင်း (၁၇၅၃)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂) ဦး တွေ့ရှိရပါသည်။

၂။ (၁-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၉၁၉) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၃)ဦး (Case- 319,367,388) ရှိသဖြင့် စုစုပေါင်း (၃၅၇) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၄၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃၁-၈-၂၀၂၀) ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီမှ (၁-၉-၂၀၂၀)ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၁) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

(၁-၉-၂၀၂၀) ရက်နေ့အတွက် ည (၈:၀၀) နာရီအချိန်အထိ ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁၇၅၃) ခုအနက် အတည်ပြုလူနာ (၃၂) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်မြို့နယ် | ၃ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၂ |
| | | လှိုင်သာယာမြို့နယ် | ၁ |
| | | ကမာရွတ်မြို့နယ် | ၁ |
| | | စမ်းချောင်းမြို့နယ် | ၁ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၁ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၁ |
| | | တာမွေမြို့နယ် | ၁ |
| | | အင်းစိန်မြို့နယ် | ၁ |
| | | မရမ်းကုန်းမြို့နယ် | ၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁ |
| ၂ | ပဲခူးတိုင်းဒေသကြီး | ပေါင်းမြို့နယ် | ၅ |
| ၃ | ရခိုင်ပြည်နယ် | ပုဏ္ဏားကျွန်းမြို့နယ် | ၃ |
| | | ကျောက်ဖြူမြို့နယ် | ၁ |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် | ၈ |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၄၆) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၂) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၀) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၈) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅) ခု |
